မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မေတ္တာတန်ဖိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၇)
ဒေါသကို မေတ္တာဖြင့် ဖြေသိမ့်

ဒေါသကို သူယုတ်တို့ မှီဝဲ၏။
မေတ္တာကို သူတော်ကောင်းတို့ မှီဝဲ၏။
မေတ္တာသည် အရှုံးပေးခြင်းမဟုတ်၊
ဒေါသသည်သာ ဆုံးရှုံးခြင်းဖြစ်၏။
ဒေါသဟူသည် ထွက်စရှိလျှင် ထွက်ချင်၏။
မေတ္တာဖြင့် ဖြေသိမ့်နှိပ်ကွပ်ဖန်များလျှင်
ဒေါသသည် အပိုးသေ၍ လာ၏။
ခြံခုန်တတ်သောနွားကို နှိပ်ကွပ်ဖန်များလျှင်
ခြံမခုန်တော့သကဲ့သို့ ဖြစ်၏။

ဒေါသကထာ – မောင်းထောင်ဆရာတော်
(သာသနာရေး)

ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၌ ဆရာတော်သံဃာတော်များအား စုပေါင်းဝါဆိုသင်္ကန်းကပ်လှူ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး တက်ရောက်ကြည်ညို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်ကြီးမှ ဆရာတော် သံဃာတော်များအား စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဘွဲ့တံဆိပ်တော်ရဆရာတော်နှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်၉နာရီတွင် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးရှိ ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော် ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ရှစ်ဆယ့်ရှစ် မျိုးဆက်ဆိုသူများကလည်း ၁၉၈၈ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ဒီမိုကရေစီ အရေးတော်ပုံကြီးပမာ တဖွဲ့တနွဲ့လွမ်းပြပြီး တပ်မတော်ကပင် ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖျက်ဆီးလိုက်သကဲ့သို့ စွပ်စွဲတိုက်ခိုက်လာခြင်း၊ ပြည်ပရှိ တိုင်းပြေး ပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်အုပ်စုများနှင့် အပြန်အလှန်ဆက်သွယ်လာကြခြင်း၊ ဒီမိုကရေစီဖြစ်ထွန်းလာရေးအတွက် ပြည်သူနှင့် ကျောင်းသားများ၊ တပ်မတော်သားများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက စည်းရုံးကြိုးပမ်းကြရမည်ဟု လှုံ့ဆော်စည်းရုံးလာခြင်းတို့ဖြင့် ပြည်သူလူထု၏ ဆူပူအုံကြွမှုဖြစ်ပေါ်လာစေရန် လမ်းကြောင်းပေးလျက်ရှိ။

ကေတုနီလာ၏ အမျိုးသားရေးအန္တရာယ် ဆောင်းပါး (စာ ၈–၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

လူမှုစီးပွားမြင့်မားတိုးတက်စေသည့်လမ်းတံတားများ

ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းမကြီးပေါ်ရှိ ခရမ်းမြို့၏ အချက်အချာ ခရမ်းချောင်းတံတားသစ်ကို ဇွန်လ၂၄ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ခရမ်းချောင်းတံတားသည် အရှည်ပေ၂၂၀ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး အကျယ် ၂၈ပေရှိ နှစ်လမ်းမောင်း ယာဉ်သွားလမ်းပါရှိသည်။

ပဲခူးတိုင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များမှ ပြည်သူများသည် ခရမ်းချောင်းတံတားသစ်ကို အသုံးပြု၍ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များအား ဖြတ်သန်းကာ ရန်ကုန်မြို့အထိ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ရန်ကုန်တိုင်းတွင် ခရမ်းချောင်းတံတားကြီးအပါအဝင် တည်ဆောက်ဖွင့်လှစ်ပြီး တံတားကြီး ၂၇စင်းရှိသည်။ ပဲခူးမြစ်ကူး အမှတ်(၂)သန်လျင်တံတားနှင့် ငမိုးရိပ်ချောင်းကူး (ကမာကြည်)တံတားတို့ကို ဆက်လက်တည်ဆောက်လျက်ရှိရာ ဒေသ၏စီးပွားရေး ၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်သည်။ ရန်ကုန်တိုင်းရှိ လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့၏ အကျိုးပြုမှုကြောင့် မြစ်တစ်ဖက်ကမ်းရှိ မြို့နယ်များမှ ပြည်သူများသည် ရန်ကုန်မြို့တွင်းသို့ တစ်ဆက်တစ်စပ်တည်းသွားလာပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုများ အရှိန်အဟုန်မြင့်မားလာလျက် ရှိသည်။

ယခုအခါ ခရမ်းချောင်းတံတားသစ်ကို ထပ်မံဖွင့်လှစ်လိုက်နိုင်သဖြင့် ခရမ်းမြို့နယ်မှ ထွက်ရှိသော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပင်လယ်ပိုင်းဒေသ ထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့သို့ အချိန်တိုအတွင်း အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်က လမ်းသစ်၊ တံတားသစ်ပေါင်းများစွာကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်း၌ ပေ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၁၆စင်းရှိနေပြီဖြစ်သည်။

ယင်းသို့ လမ်း၊ တံတားသစ်များပေါ်ထွန်းလာမှုကြောင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှု အဆင်ပြေကောင်းမွန်လာသည်။ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ် ချစ်ကြိုးသွယ်နိုင်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ ပိုမိုတိုးတက်လာလျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စွမ်းအင်ချွေတာရေး နည်းပညာသုံးအဆောက်အအုံ တရုတ်နှင့် အီတလီ ပူးတွဲတည်ဆောက်ခဲ့

စွမ်းအင်ချွေတာရေးခေတ်မီနည်းပညာအသုံးပြုထားသော အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း ဇူလိုင် ၉

ကမ္ဘာ့စွမ်းအင်ချွေတာရေး ခေတ်မီနည်းပညာအသုံးပြုထားသော အဆောက်အအုံအသစ်ကို တရုတ်နိုင်ငံ ချင်ဟွာတက္ကသိုလ်၌ ဇူလိုင် ၆ ရက်က ဖွင့်လှစ်လိုက်သည်။

ယင်းအဆောက်အအုံကို တရုတ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့်အီတလီသဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတို့ ပူးတွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းအဆောက်အအုံကို တရုတ်နိုင်ငံ ချင်ဟွာတက္ကသိုလ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံနှင့် အင်ဂျင်နီယာဌာနအတွက် သင်ကြားရေး အဆောက်အအုံအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

အရေးပါ

အီတလီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး စကာနီယိုက ယင်းစွမ်းအင်ချွေတာရေးအဆောက်အအုံကို ဖွင့်လှစ်ပေးလိုက်ပြီး စွမ်းအင်ချွေတာရေးနည်းပညာနှင့်အသစ်ဖန်တီးထားသော စွမ်းအင်များသည် ခိုင်မာသောဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပြည့်မီရန်အတွက် အရေးပါဆုံးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အထောက်အကူပေးမည်

တရုတ်နှင့် အီတလီနှစ်နိုင်ငံအကြား သဘာဝပတ်ဝန်းကျင်နှင့်စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် တွေ့ဆုံဆွေးနွေးပွဲအသစ်များ ကျင်းပရာတွင် ယင်းအဆောက်အအုံသည် အထောက်အကူပေးလိမ့်မည်ဖြစ်သည်။

ယင်းအဆောက်အအုံကို အီတလီဗိသုကာပညာရှင်များက ဒီဇိုင်းပုံစံရေးဆွဲပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြဝတီရုပ်မြင်သံကြား

၁၀-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	FIFA WORLD CUP 2006 **ဗိုလ်လုပွဲနှင့် ပိတ်ပွဲ** Italy Vs France (Delay)
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၆။	နိုင်ငံတကာသတင်း
၆း၂၀	၇။	မိုးလေဝသသတင်း
၆း၂၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၉။	လျှပ်တစ်ပြက်
၇း၀၀	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၄)
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၃။	အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"လူတွင်တစ်ယောက် ဆိုရလောက်အောင် ထွန်းတောက်မည့်သူ"**
	၁၄။	ကျန်းမာသုတ
	၁၅။	မေးမြန်းစူးစမ်း
	၁၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိ၊ဗျူဟာ"** (အပိုင်း-၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော "အပယ်ပိတ်တရား" (အပိုင်း-၂) (အပယ်သို့ ကျရောက်ပုံ)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	သွားမယ်၊ စားမယ် (White Rice Restaurant)
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	သုံးစွဲမနေးမြန်မာ့တိုင်းရင်းဆေး (တစ်ပင်တိုင်မြနန်း)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	MRTV-4 စာအုပ်စင်ကဏ္ဍ [ယဉ်မင်းဦး (ဆေးတက္ကသိုလ်)]
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	ဆံကေသာပြုပြင်နည်း ပညာဒါန
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	ယူးချောင်းတံတား
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	သူတို့ပြောတဲ့ သူတို့အကြောင်း ကာတွန်းပညာရှင်များနှင့် တွေ့ဆုံခြင်း (ကာတွန်းရွှေမင်းသား)
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဇီဝဓာတ်ငွေ့ပေါင်းအိုးပါ
၁၀း၁၀	ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (ယုဇနနှင့် သူမ၏အနုပညာခရီးလမ်း)
၁၀း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	အင်းတကော် သုတေသနနှင့် မျိုးပွားခြံ
၁၁း၁၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (သီဟကျော်စိုး) (အပိုင်း-၁)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ရှားပါးသော ရေချို ရေငန်စပ်မိကျောင်းများ အပိုင်း-၁)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မဟာဗျူဟာသုတေသန အစီအစဉ်သုံးရပ် လာမည့်ငါးနှစ်အတွင်း စင်ကာပူ၌ အကောင်အထည်ဖော်မည်

စင်ကာပူ ဇူလိုင် ၉

စင်ကာပူဝန်ကြီးချုပ် သဘာပတိအဖြစ်ဆောင်ရွက်သော အဆင့်မြင့်သုတေသနတီထွင်ဖန်တီးမှုနှင့် သုတေသနကောင်စီက လာမည့်ငါးနှစ်အတွင်း မဟာဗျူဟာသုတေသန အစီအစဉ်သုံးရပ်ကို အကောင်အထည်ဖော်ရန် ဇူလိုင် ၇ ရက်က သဘောတူညီလိုက်သည်။

အစည်းအဝေး၏ ပထမနေ့ ဇူလိုင် ၇ရက်တွင် ကျင်းပပြီး ယင်းအစီအစဉ်များ အကောင်အထည်ဖော်ရန် အဖွဲ့ဝင် ၁၈ဦးကို ရွေးချယ်လိုက်ကြောင်း၊ ယင်းမဟာဗျူဟာအစီအစဉ်သုံးရပ်တွင် ဇီဝဆေးဝါးသိပ္ပံအစီအစဉ်၊ ပတ်ဝန်းကျင်နှင့် ရေနည်းပညာများအစီအစဉ်နှင့် ကွန်ပျူတာဒီဂျစ်တယ်မီဒီယာအစီအစဉ်များ ပါဝင်သည်။

ထူထောင်

စင်ကာပူအစိုးရက ထိုအစီအစဉ်များအတွက် စင်ကာပူဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကို ရန်ပုံငွေထူထောင်ထားရှိ၍ လာမည့်ငါးနှစ်တာအတွင်း ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း၊ ယင်းကဏ္ဍသုံးရပ် အကောင်အထည်ဖော်နိုင်ခဲ့လျှင် ၂၀၁၅ ခုနှစ်အရောက်တွင် စင်ကာပူဒေါ်လာ ဘီလီယံ ၃၀ ရရှိလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းကဏ္ဍများ အကောင်အထည်ဖော်ခြင်းဖြင့် အလုပ်အကိုင် ၈၆၀၀၀ကိုလည်း ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးအမှူးပြုသော ပရိသတ်များ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှေးဦးစွာ ဆရာတော်သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အာရုံပြုရည်မှန်း

ထို့နောက် ပရိသတ်များက ကျေးဇူးတော်ရှင် မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်ဆရာတော်ကြီးနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတို့၏ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုရည်မှန်း၍ တစ်မိနစ်ငြိမ်သက်စွာ ပူဇော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ငွေးတို့ အမှူးပြုသောပရိသတ်များက ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ငွေးတို့က ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဖတ်ကြားပူဇော်

ထို့နောက် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တပညိန္ဒက ၂၀၀၆ခုနှစ် ဇန်နဝါရီ၄ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူသည့် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်မှ ဒုတိယတိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တနရိန္ဒ၊ မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် (၅၈)ကြိမ်မြောက် နိုင်ငံတော်အစိုးရ တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝိနယပိဋကဝိနည်းရှေ့ပိုင်းနှစ်ကျမ်းကို အာဂုံပြန်ဆိုအောင်မြင်တော်မူသောကြောင့် "ဥဘတောဝိဘင်္ဂဓရ"ဘွဲ့တံဆိပ်တော်ရရှိကြသည့် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးမှ အရှင်ပညိဿရ၊ အရှင်ဝေဒိတ၊ အရှင်ဇောတိပါလနှင့် အရှင်ဇောတိဿရာလင်္ကာရတို့၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အပူဇော်ခံအရှင်မြတ်ငါးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ အလှူရှင်ဦးသက်ဇော်-ဒေါ်ထားထားနွယ်(Kawa Sho Co.,Ltd.)မိသားစုက ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီးနှင့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ပဓာန နာယကဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ငွေးအမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝါဆိုသင်္ကန်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ငွေး၊ တာဝန်ရှိသူများနှင့်အလှူရှင်များက ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးမှ သံဃာတော်အပါး၃၅၀တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

တရုတ် မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့ သီလရှင်ဆရာကြီးများအား ဝတ်စုံများဆက်ကပ်

ရန်ကုန် ဇူလိုင် ၉

အမျိုးသမီးများဦးစီးသော တရုတ်မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့၏ (၂၇)ကြိမ်မြောက် သာသနာ့နွယ်ဝင် တရုတ်မြန်မာသီလရှင်ဆရာကြီးအပါး၁၂၅ပါးတို့အား ဝတ်စုံ ၂၅၀ ဆက်ကပ်ပူဇော်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံအနီး ဝက်စတန်းပတ်(၁)ခန်းမ၌ ကျင်းပမည်။

ပူဇော်ကန်တော့

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခြင်းနှင့် တရုတ်ဘာသာဖြင့် ရတနာသုံးပါး ဆည်းကပ်ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ သီလရှင်ဆရာကြီး ဒေါ်ဇယဝတီထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တရုတ် မြန်မာ ဗုဒ္ဓသာသာနာပြုအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြင့်က အဖွဲ့၏သာသနာပြုမှုများကို လျှောက်ထားပြီး သီလရှင်ဆရာကြီးများက မြတ်စွာဘုရား၏ မဟာမေတ္တာ၊ မဟာကရုဏာထား၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ချီးမြှင့်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တရုတ် မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်နှင့် အမှုဆောင်များ၊ အဖွဲ့ဝင်အသင်းသူများက သီလရှင်ကျောင်း၁၄ကျောင်းမှ သီလရှင်ဆရာကြီးအပါး၁၂၅တို့အား ဝတ်စုံ ၂၅၀တို့ကို ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တရုတ် မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့ တည်ထောင်သူဥက္ကဋ္ဌ ဒေါ်ခင်မြင့်သည် အသက်ကြီး၍ အနားယူသွားသဖြင့် အဖွဲ့၏ဥက္ကဋ္ဌသစ် ဒေါက်တာခင်ခင်ရီအား တာဝန်များကို ပြောင်းပေးလိုက်သည်။

(သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မအူပင်၌ စာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဇွန်၂၅ရက်တွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များရှိ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများ၊ ဝန်ထမ်းများအားတွေ့ဆုံပြီးဌာန၏ ၂၀၀၆-၂၀၀၇ ခုနှစ် ရည်မှန်းချက် လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်ချက်လုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ ကျေးရွာကိုယ့်အား ကိုယ်ကိုး မင်္ဂလာ စာကြည့်တိုက်သို့ သွားရောက်၍ ကျေးရွာ ရပ်မိရပ်ဖများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ သုတရသစာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ်လမ်း အမှတ်၃၀/၁၁နေ ဒေါ်ခင်ကြည် သားသမီးမြေးတစ်စုက (၈၄)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့ဖလားနှင့်အာရှအသင်းများအကြောင်း ယခုအပတ် ဖလားဝါးနယူးစ်၌ ဖတ်ရှုနိုင်

ရန်ကုန် ဇူလိုင် ၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကိုရီးယားခရီးသွား အခန်းဆက်ဆောင်းပါးတို့နှင့်အတူ လွတ်လပ်သည့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်(Open University)များ မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာရန် စီစဉ်ဆောင်ရွက်နေ၊ တီကောင်မှ ထုတ်လုပ်သည့် သဘာဝဓာတ်မြေဩဇာ မြန်မာနိုင်ငံတွင် စမ်းသပ်အောင်မြင်၊ စင်ကာပူ ပညာသင်ဆု မြန်မာကျောင်းသူတစ်ဦး ရရှိ၊ စင်ကာပူ တက္ကသိုလ်များတွင် မြန်မာကျောင်းသားများ ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းပိုလာစသည်ဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

၂၀၀၆ ကမ္ဘာ့ဖလားမှာ အာရှအသင်းတွေ ဘာကြောင့် မအောင်မြင်ရတာလဲ ကမ္ဘာ့ဖလားသုံးသပ်ချက်နှင့် အတူ ခုခံအားကျရောဂါ ကာကွယ်ဆေး ခရမ်းချဉ်သီးမှ ထုတ်နိုင်ပြီ၊ ကားမောင်းစဉ် ဖုန်းဆက်သွယ်ခြင်းသည် မူးရင်းမောင်းခြင်းကဲ့သို့ အန္တရာယ်ရှိစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

တန်ခိုးကြီးဘုရားတိုင်းမှာ လူများစည်ကား၊ ဘာသာရေးကို အလေးထားကြ

မြန်မာလူမျိုးတွေ ဘာသာရေးအပေါ် ယုံကြည်မှုရှိတာတွေ့ရလို့ ကြည်နူးမှုဖြစ်မိ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဗဟန်းမြို့နယ် မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် ဘုရားဖူးပြည်သူများက သစ်သီး၊ ပန်းတို့ဖြင့် ဤသို့ ကုသိုလ်ဒါနပြုခဲ့ကြသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

■ ***ကျောဖုံးမှ***

တရားဓမ္မရွတ်ဖတ် ပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

တရားတော်နာအားထုတ်

ထို့အပြင် မြတ်စွာဘုရားရှင်၏ အဆိုအမိန့်အတိုင်း ရဟန်းတော်များအား ပြင်ပညအိပ်၊ ညဥ့်နေမထွက်ဘဲ မိမိတို့သီတင်းသုံးရာ ကျောင်းများ၌ပင် တရားဘာဝနာပွားများအားထုတ်နိုင်စေရန် သံဃာတော်များအား ဝါတွင်းကာလပတ်လုံး ဆင်မြန်းနိုင်ရန် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မြတ်စွာဘုရား၏ ဓမ္မစကြာတရားကို နာယူခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကာ ဘုရား၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းများ၌ ဗုဒ္ဓဘာသာဝင် ပြည်သူတို့နှင့် ပြည့်ကျပ်လျက်ရှိသည်။

ကြီးမှူးပြုလုပ်

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဝါဆိုလပြည့်နေ့ နံနက်ပိုင်းမှစတင်ကာ တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ရွှေကြာသင်္ကန်းဆက်ကပ်ခြင်း၊ သစ်သီးဆွမ်း၊ ရေနှင့် ပန်းများကပ်လှူခြင်းများကို ရွှေတိဂုံဂေါပကအဖွဲ့က ကြီးမှူးပြုလုပ်ခဲ့သည်။

ရွှေကြာသင်္ကန်းဆက်ကပ်

နံနက် ၇ နာရီတွင် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ စုပေါင်းကာ ရွှေကြာသင်္ကန်းကို ရွှေတိဂုံစေတီတော်ရင်ပြင်တွင် လက်ယာရစ်တစ်ပတ်

"ရွှေတိဂုံဘုရားလာပြီး တရားနာရတာ၊ ဘုရားဖူးရတာ စိတ်ချမ်းသာမှု ဖြစ်ရပါတယ်"

ဒေါ်ခင်ချို

(ဘုရားဖူးတစ်ဦး)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လှည့်လည်ပူဇော်ပြီး ဗုဒ္ဓဆင်းတုတော်များနှင့် ရုပ်ပွားတော်များအား ရွှေကြာသင်္ကန်း လွှမ်းခြုံဆပ်ကပ် လှူဒါန်းသည်။ ရွှေတိဂုံဘုရားရင်ပြင်၌ နံနက်အရုဏ်မှ စတင်ကာ ဘုရားဖူးလာပရိသတ်များ တဖွဲဖွဲလာရောက်လျက်ရှိရာ ရင်ပြင်တစ်ခုလုံး နေရာလွတ်မရှိအောင်ပင် ဖြစ်သည်။

အစဉ်အလာ

ဝါဆိုလပြည့်နေ့တွင် စီစဉ်ထားမှုများနှင့် ပတ်သက်၍ ရွှေတိဂုံဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းရွှေက "အစဉ်အလာမပျက်ကျင်းပတယ်ဆိုပေမယ့် ပိုပြီးစည်ကားအောင်၊ ဘုရားဖူးလာသူ၊ အလှူဒါနပြုသူ၊ တရားဘာဝနာ ကျင့်ကြံသူတွေအားလုံးအဆင်ပြေအောင် ရင်ပြင်

ပြည့်ကျပ်နေသော ဘုရားဖူးများနှင့် တရားနာပြီး အနားယူနေသူများအတွင်းမှ အသက် ၇၆ နှစ် အရွယ်ရှိ ဒေါ်ခင်ချိုက "ရေတာရှည်လမ်း

အရုဏ်ဦး ဘုရားဖူးလာသူများနှင့် စည်ကားလျက်ရှိသည်။

ဆူးလေစေတီ၏ ဝါဆိုလပြည့်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ရန်ကုန်

"အစဉ်အလာမပျက်ကျင်းပတယ်ဆိုပေမယ့် ပိုပြီး စည်ကားအောင် ဘုရားဖူးလာသူများ တရားဘာဝနာ ကျင့်ကြံမှုများ အဆင်ပြေအောင် ပြုလုပ်ပေးလျက်ရှိ"

ဦးထွန်းရွှေ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တစ်ခုလုံးကြားနိုင်တဲ့ အသံချဲ့စက်နဲ့ တရားနာနိုင်အောင် သတိပေးတာ၊ တရားနာစေတာ၊ သီလယူစေတာတွေကို ပြုလုပ်ပေးလျက်ရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စိတ်ချမ်းသာ

ထို့နောက် ရွှေတိဂုံဘုရားရင်ပြင်ရှိ အောင်စကြာ တန်ဆောင်းအတွင်း

"ကုသိုလ်ကောင်းမှု လုပ်ရတာ ပီတိဖြစ်ရတယ်"

ဒေါ်ထားကြည်

(ဘုရားဖူးတစ်ဦး)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဗဟန်းမြို့နယ်ကပါ။ မနက်ကတည်းက အိမ်မှာ သစ်သီးဆွမ်းကပ်တယ်။ ဘုရားမှာ ဝါဆိုသင်္ကန်းကပ်တယ်၊ ဒီလိုနေ့ထူးနေ့မြတ်မှာ ရွှေတိဂုံဘုရားလာပြီး တရားနာရတာ၊ ဘုရားဖူးရတာ အရမ်း စိတ်ချမ်းသာမှုဖြစ်ရပါတယ်"ဟု ပြောကြားသည်။

ကုသိုလ်ယူ

ရွှေတိဂုံဘုရားရင်ပြင်တွင် သောက်ရေသန့်ဘူးများ လှူဒါန်းနေကြပုံ၊ စတုဒိသာ ကျွေးမွေးနေကြပုံများကို တွေ့မြင်ရသည်မှာ အလှူရေစက်လက်နှင့်မကွာတတ်သော မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့်ကုသိုလ်ယူ

"ဂေါပက အဖွဲ့ဝင်တွေ ဦးဆောင်ပြီး ဓမ္မစကြာ တရားတော်ကို ပါဠိ-မြန်မာ နှစ်ဘာသာနဲ့ ရွတ်ဖတ်ပူဇော်ပြီး စတုဒိသာ အလှူပြုပေးပါတယ်"

ဦးထွန်းအောင်

ဆူးလေစေတီတော်

အလှည့်ကျဂေါပကအဖွဲ့ဝင်

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အလှူပြုမှုကို သာဓုခေါ်စရာပင်ဖြစ်သည်။

ဆူးလေစေတီတော်

ထို့အတူ ဆူးလေစေတီတော်၏ ဝါဆိုလပြည့်နေ့ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဆူးလေစေတီတော်ရင်ပြင်၌ ယနေ့အရုဏ်တက်ချိန်မှ စတင်ကာ ဂေါပကအဖွဲ့ကကြီးမှူးပြီး အကြိုတရားပွဲနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရာ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းအဖွဲ့ဝင်များ ဓမ္မစကြာအခါတော်နေ့ ရွတ်ဖတ်ပူဇော်ပွဲကို ဤသို့ ကျင်းပခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ဂေါပကအဖွဲ့ဝင်များက ဆူးလေစေတီတော်ရင်ပြင်မြောက်ဘက်အာရုံခံတန်ဆောင်းတွင်ရှိသော ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီးများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ဆူးလေစေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား

"မြန်မာလူမျိုးတွေ ဘာသာရေးကို အရမ်း အလေးထားတာတွေ့ရပါတယ်"

အန်ရီကို (အီတလီနိုင်ငံသား)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"နှစ်တိုင်းထက် ပိုပြီး စည်ကားလာ၍ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူနိုင်စေရန် တာဝန်ရှိတဲ့ ဝန်ထမ်းတွေက အကူအညီပေးကြပါတယ်"

ဦးတင့်လွင်

ရွှေဘုန်းပွင့်စေတီတော်

ဂေါပကအဖွဲ့ဥက္ကဋ္ဌ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရွှေကြာ သင်္ကန်းဆပ်ကပ်လှူဒါန်းကြသည်။ ဘာသာရေးဝတ်အသင်းများကလည်း မွန်းလွဲ ၁ နာရီမှစ၍ ဝတ်ရွတ်ဖတ်ပူဇော်မှုများကို ညနေပိုင်းအထိ ပြုလုပ်ကြသည်။

ဆူးလေစေတီတော်၏ ဝါဆိုလပြည့်နေ့ အခမ်းအနားကျင်းပမှုနှင့် ပတ်သက်ပြီး အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးထွန်းအောင်က "ဒီနေ့မှာ ဆူးလေစေတီရင်ပြင်မှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ကြာသင်္ကန်း ကပ်လှူတယ်။ ဂေါပကအဖွဲ့ဝင်တွေဦးဆောင်ပြီး ဓမ္မစကြာတရားတော်ကို ပါဠိ-မြန်မာ နှစ်ဘာသာနဲ့ ရွတ်ဖတ်ပူဇော်တယ်။ စတုဒိသာ အလှူတွေရှိတယ်။ အရင်နှစ်ကထက် စည်ကားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁

"ဘာသာရေးအပေါ် ဒီလို ယုံကြည်မှုရှိတာ တွေ့မြင်ရတာ ကြည်နူးရပါတယ်"

စီဗီအာ (အီတလီနိုင်ငံသူ)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာ ၄ မှ

ဆူးလေစေတီတော်ရင်ပြင်တွင် မိုးဖွဲဖွဲရွာနေသည့်ကြားမှ ဘုရားဖူးများနှင့် စည်ကားသိုက်မြိုက်လျက်ရှိရာ နိုင်ငံခြားသားများလည်း ပါဝင်လှေ့လာလှည့်လည်ကြည့်ရှု ဆင်နွှဲလျက်ရှိနေကြသည်ကိုတွေ့ရသည်။ ဆူးလေစေတီရင်ပြင်တွင် လှည့်လည်လေ့လာသော နိုင်ငံခြားသားနှစ်ဦးအား ယနေ့တွေ့မြင်ရသောမြင်ကွင်းနှင့် ခံစားမှုကို မေးမြန်းရာ အီတလီနိုင်ငံသား အန်ရီကိုက **"လူတွေ အရမ်းများတယ်၊ သူတို့ မျက်နှာတွေဟာ ပြုံးနေကြတာ တွေ့ရတယ်၊ ဒီနေ့ ဘုရားတိုင်းမှာ လူတွေအများကြီးပဲ၊ မြန်မာလူမျိုးတွေ ဘာသာရေးကို အရမ်း အလေးအနက်ထားတာ တွေ့ရတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ရွှေဘုန်းပွင့်စေတီ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က "နံနက်ပိုင်းမှာ စတုဒိသာအနေနဲ့ မုန့်လက်ဆောင်းပိဿာချိန်၁၀၀ လှူဒါန်းတဲ့ အလှူရှင်ရှိတယ်၊ နေ့ခင်းပိုင်းမှာတော့ ဗွီဗွီအချိုရည်ဘူးတွေ လာလှူတဲ့လူတွေ၊ အခြား စတုဒိသာကျွေးတဲ့သူတွေ အများကြီး ရှိတယ်၊ နှစ်တိုင်းထက်ပိုပြီးစည်ကားအောင် ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူနိုင်စေရန် တာဝန်ရှိတဲ့ဝန်ထမ်းတွေက အကူအညီပေးကြပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ရွှေဘုန်းပွင့်စေတီတော်တန်ဆောင်းအတွင်းရှိသော ဘုရားဖူးများအနက် ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူ အသက် ၇၀ အရွယ်ရှိ ဒေါ်ထားကြည်က "ဒီနေ့ အိမ်မှာရှိတဲ့ ဘုရားမှာ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၄၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဤသို့ သိုက်မြိုက်စွာ ကျင်းပခဲ့သည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဝါဆိုလပြည့်နေ့က ဗိုလ်တထောင်မြို့နယ် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒထံမှ ဘုရားဖူးပြည်သူများ ကိုးပါးသီလခံယူ ဆောက်တည်ခဲ့ကြစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တစ်ဖန် အီတလီနိုင်ငံသူ စီဗီအာကလည်း **"အီတလီနိုင်ငံနှင့် မတူဘူး၊ ဘာသာရေးနေ့တွေမှာ ဒီလောက် စိတ်ဝင်စားတာမရှိဘူး၊ မြန်မာနိုင်ငံက လူတွေ ဘာသာရေးအပေါ် ဒီလို ယုံကြည်မှုရှိတာ တွေ့မြင်ရတာ ကြည်နူးရပါတယ်"** ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

တရားဒေသနာချီးမြှင့်

ထို့အတူ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆပ်ကပ်ပွဲ အခမ်းအနား ကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်များ၊ မြို့နယ်အတွင်း ဖိတ်ကြားထားသော သံဃာတော်များ ကြွရောက်ပြီး ဆရာတော်၊ သံဃာတော်များက တရားဒေသနာများ ချီးမြှင့်ကြသည်။

ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည့် ဝါဆိုလပြည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းများပြုလုပ်ရာ ဓမ္မာရုံသစ်အတွင်း လှူဒါန်းသူများနှင့် တရားနာသူများဖြင့် ပြည့်လျှံလျက်ရှိသည်။

ပိုမိုစည်ကား

မိုးတစိမ့်စိမ့်ရွာနေသည့်ကြားမှ ဘုရားဖူးလာသူတို့ရင်ပြင်တော်အပြည့်လာရောက်လျက်ရှိရာ ဝါဆိုလပြည့်နေ့ စည်ကားသိုက်မြိုက်မှုနှင့် ပတ်သက်၍ သစ်သီးဆွမ်းကပ်ခဲ့ပြီးပြီ၊ ရွှေဘုန်းပွင့်စေတီတော်ကြီးမှာ ဝါဆိုသင်္ကန်းလည်း လှူဒါန်းပြီးပြီ၊ ဝါဆိုလပြည့်နေ့မှာ ကုသိုလ်ကောင်းမှုလုပ်ရတာ ပီတိဖြစ်ရတယ်"ဟု ပြောကြားသည်။

အလားတူ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ်၂၂၂ ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ ဗိမာန်တော်တွင်(၂၉)ကြိမ်မြောက် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် ကျင်းပပူဇော်ရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစန်းထွန်း ဦးဆောင်သော အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်မှ ပါဠိဋ္ဌာနမှူးဆရာတော် ဦးထေရိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စည်ကားသိုက်မြိုက်လျက်ရှိ

ထို့အတူ ရန်ကုန်မြို့ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီ၊ ကမ္ဘာအေးစေတီ၊ မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်ထားသည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့တွင်လည်း ဝါဆိုလပြည့်နေ့ အခမ်းအနားများ ကျင်းပရာ ရဟန်း၊ ပြည်သူများဖြင့် စည်ကား သိုက်မြိုက်လျက်ရှိပါကြောင်း သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီက မဟာစည်ဓမ္မာရုံကြီး၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆောင်ရွက်ကာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးကဗျာများကို ညီညာဖြိုဖြိုး ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တ ကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များကို ဟောကြား ချီးမြှင့်တော်မူသည်။

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ကြီးထံ တစ်ဦးချင်းဆက်ကပ် လှူဒါန်းကြသည်။**(အောက်ပုံ)** ဆွမ်းပဒေသာအလှူရှင် ဦးသာဌေး-ဒေါ်ကြည်ကြည်ခင် မိသားစု စသော အလှူရှင်များအား ဒေါက်တာ တင်မြင့်ခိုင်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာချီးမြှင့်သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗုဒ္ဓဂယာ အမျိုးသမီးဝိသာခါအသင်း ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်-ဝိသာခါအမျိုးသမီး ဆွမ်းကွမ်းဝေယျာဝစ္စအသင်းမှ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) အမှူးပြုသော ပရဒေသီသာသနာပြု ဆရာတော်၁၉ ပါးတို့အား ဇူလိုင် ၉ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျောင်းလမ်းနှင့် အောင်တော်မူလမ်း (မြေနီကုန်း) ရှိ ကျောင်းဘုရားဆောင်၌ ကျင်းပသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

အခမ်းအနားတွင် အဂ္ဂမဟာသီရိသုဓမ္မသီဂိဒေါ်ခင်နွဲ့ရီ၊ ဘဏ္ဍာရေးမှူး မြရိပ်မွန် ဒေါ်ခင်ညို အမှူးပြုသော ဝိသာခါအသင်းသူများက ဩဝါဒခံယူ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဇနီး သီရိသုဓမ္မသီဂိ ဒေါ်တင်တင်ဝေ အမှူးပြုသော ဧည့်ပရိသတ်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်ကြသည်။

(အပေါ်ပုံ)

ဆက်သွယ်နိုင်

ဗုဒ္ဓဂယာ ဝိသာခါ အမျိုးသမီး အသင်းဝင်လိုသူများသည် ဆက်သွယ်ရန် ဖုန်း-၀၁-၅၃၇၅၉၇၊ ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆ နှင့် ၀၁-၅၅၅၁၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်းဆက်ကပ် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး တက်ရောက် ကြည်ညို

နေပြည်တော် ဇူလိုင် ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာလာ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍သံဃာတော်အရှင်သူမြတ်တို့အား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း **(အပေါ်ဝဲပုံ)**၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရားတော်များ နာယူကြသည်။

နေ့ဆွမ်းဆက်ကပ်

ဆက်လက်၍ သံဃာတော်များအား ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာစည်နာယကများအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော် ဓမ္မဒူတခရီးကြွရောက်

ရန်ကုန် ဇူလိုင် ၉

မဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်)၏ နာယကများအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော် သိရီပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလသည် အမေရိကန်နိုင်ငံ ဝါရှင်တန် ဒီစီဒေသရှိ မြန်မာ-အမေရိကန် ဗုဒ္ဓဘာသာအသင်း၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂ ရက်တွင် အမေရိကန်နိုင်ငံသို့ ဓမ္မဒူတခရီး ထွက်ခွာသွားရာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာကျော်မြင့်သည် ကပ္ပိယအဖြစ် လိုက်ပါသွားသည်။ **(အောက်ပုံ)**

ဘဒ္ဒန္တဇဋိလသည် မြန်မာ-အမေရိကန် ဗုဒ္ဓဘာသာအသင်းတည်ရှိရာ ဝါရှင်တန် ဒီစီဒေသ Silver Spring မြို့ မင်္ဂလာရာမဝိဟာရကျောင်းတိုက်၌ ၁၀ ရက် ဝိပဿနာတရားစခန်းဖွင့်လှစ်ပြီး တရားဟော တရားပြသမည်ဖြစ်သည်။

ဘဒ္ဒန္တဇဋိလသည် အမေရိကန်နိုင်ငံ ကျန်ဒေသများရှိ တရားရိပ်သာကျောင်းများသို့လည်းကြွရောက်၍ ဝိပဿနာတရားစခန်းများဖွင့်လှစ်၍ တရားဟော တရားပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ဒုတိယဝါဆိုအမီ ပြန်လည်ကြွရောက်တော်မူလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၉

ရေးမြို့နယ်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်း ၃ လမ်း ခေမာရာမသီလရှင်စာသင်တိုက်၌ ပင့်သံဃာ ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူမည်ဖြစ်ရာ အလှူတော်ငွေနှင့် သင်္ကန်းများကို ဥက္ကဋ္ဌ ဦးဝါရှိန် ဖုန်း-၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ တွဲဘက်အတွင်းရေးမှူး ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂ နှင့် ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြံခင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၉

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို လှိုင်မြို့နယ် ၅ ရပ်ကွက်ရှိ ကြံခင်း ပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ကြံခင်းမြို့နယ်အသင်းဝင်များအားလုံး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆက်ကပ်လှူဒါန်းနိုင်သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လိုသူများသည် ဦးစန်းလွင် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၈၀၃၂၈၀၅၊ ဦးစိန်ဌေး(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၅၆၇၈၄၊ ၀၉-၅၁၃၂၁၅၈၊ ဒေါ်တင်တင်ထွေး(ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် (အလုပ်အမှုဆောင် အဖွဲ့ဝင်) ဖုန်း-၆၅၁၂၄၇ နှင့် ကြံခင်းမြို့နယ်အသင်းရုံးဖုန်း-၅၅၈၃၂၁ နှင့် ၅၅၉၄၆၆ တို့သို့ အလှူငွေနှင့် ဝါဆိုသင်္ကန်းများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန် ငွေများလှူဒါန်းလျက်ရှိ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ကမာရွတ်မြို့နေ လှည်းတန်း ထွန်းလင်းရိပ်သာ (၁)ရပ်ကွက် တိုက် ၁ အခန်း ၅(က)နေ ဦးသိန်းတန်-ဒေါ်မြင့်မြင့်စိန်(ပုလဲရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ်) အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A) နာလန္ဒတက္ကသိုလ်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)တိုးချဲ့ မြေကွက်သစ်ဝယ်ယူရန်အတွက် ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါ်ခင်ထားမူ၊ ဒေါ်လှဲ့လှဲ့သိန်းမိသားစု ဗဟန်းက အလှူတော်ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ ဓမ္မာစရိယ(B.A) အရှင်ကောသလ္လ(မြန်အောင်) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

လေယာဉ်လမ်းချော်ပြီး ထက်ပိုင်းကျိုး ဆိုက်ဘေးရီးယား၌ လူ ၁၅၀ ခန့် သေဆုံးခဲ့ရ

ရုရှား လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဆိုက်ဘေးရီးယားဒေသ၌ ဇူလိုင် ၉ ရက် နံနက်ပိုင်းက ပျက်ကျသွားခဲ့ရာ ကလေးများအပါအဝင် လူ ၁၅၀ ခန့် သေဆုံးခဲ့သည်။

ဝင်တိုက်မိ

အက်စ်ဆဲဗင်းလေကြောင်းလိုင်းမှ အဲဘတ်စ် ခရီးသည်လေယာဉ်သည် မော်စကိုမြို့မှပျံသန်းလာရာ အီကွတ်စ်လေဆိပ်သို့အဆင်း ပြေးလမ်းချော်ကာ အဆောက်အအုံတစ်ခုသို့ ဝင်တိုက်ခဲ့သည်။

ယင်းဖြစ်ရပ်မှာ ထိုဒေသ၌ တနင်္ဂနွေနေ့ နံနက် ၈ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်ကြီးသည် ခရီးသည် ၁၉၂ ဦးနှင့် လေယာဉ်အမှုထမ်း ရှစ်ဦးတို့ တင်ဆောင်ပျံသန်းလာခဲ့ကြောင်း၊ လူပေါင်း ၅၅ ဦး ဒဏ်ရာရခဲ့ကြောင်း၊ လေယာဉ် အမှုထမ်းအားလုံး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အပန်းဖြေ

ခရီးသည်အများစုမှာ ကလေးများနှင့်အတူ အပန်းဖြေအားလပ်ရက် ခရီးထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကြီးသည် ပြေးလမ်းချော်ပြီး အဆောက်အအုံတစ်ခုကို ဝင်မတိုက်မီ ကွန်ကရစ်နံရံတစ်ခုအား ထိုးဖောက်တိုက်ချခဲ့သည်။ လေယာဉ်မှာ ထက်ပိုင်းကျိုးသွားပြီး ပေါက်ကွဲ မီးလောင်သွားခဲ့သည်ဟု ဆိုသည်။

ကယ်ထုတ်ခဲ့ရ

လေယာဉ်မှူးအခန်းမှာ ပျက်စီးသွားပြီး ခရီးသည်များအား လေယာဉ်အမြီးပိုင်းမှတစ်ဆင့် ကယ်ထုတ်ခဲ့ရသည်ဟု ဆိုသည်။

ခရီးသည်အချို့မှာ လေယာဉ်ပျက်ပေါ်မှ ခုန်ချပြီး အများစုသည် မီးလောင်ခံရသဖြင့် ဆေးရုံတင်ပို့ခဲ့ရကြောင်း၊ မီးကို သုံးနာရီကြာမျှ ငြိမ်းသတ်ခဲ့ရကြောင်း လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

ကယ်ဆယ်ရေး အလုပ်သမားများက ယင်းလေယာဉ်ပျက်ထဲမှ သေဆုံးနေသော အလောင်း ၁၂၀ ခန့် ဆွဲထုတ်နိုင်ခဲ့ရသည်ဟု သိရသည်။

(ကိုးကား-အင်တာနက်)

✡ *ကျောဖုံးမှ*

ရှေးဦးစွာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် အခမ်းအနားသည် စစ်ကိုင်းတိုင်း တိုင်းလုံးကျွတ် ကျေးလက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယို၊ ကက်ဆက်များ၊ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းကြသည့်အခမ်းအနားဖြစ်၍ မိမိတို့ စစ်ကိုင်းတိုင်းအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနေ့ ထူးနေ့မြတ်ဖြစ်ပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော်ကို ရည်မှန်းချက် သုံးရပ်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက်များမှာ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အစရှိသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော စီးပွားရေးအဆောက်အအုံကို အောင်မြင်အောင် တည်ဆောက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ မြင့်မားတိုးတက် အောင်မြင်ရေးတို့ ဖြစ်ကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

ဤနေရာတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဟူ၍ နှစ်မျိုးရှိသည့်အနက် ကျောင်းတွင်းပညာရေးနှင့်ပတ်သက်ပြီး အနှစ်၃၀နှစ်ရှည် စီမံကိန်းကို ၂၀၀၁-၂၀၀၂ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ၊ နှစ်တိုင်ါးနှစ် စီမံကိန်းကာလ ခြောက်ခုပိုင်းခြားပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ နည်းပညာအသုံးပြုရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းရေးကဏ္ဍ၊ ပညာရည် အဆင့်မြင့်တင်ရေးကဏ္ဍနှင့် အမျိုးသားရေးစံနှုန်း၊ အမျိုးသားရေးတန်ဖိုးများ ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍ အစရှိသည့် ကဏ္ဍခြောက်ရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းချက် ၁၂ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဖွင့်လှစ်ပေးခဲ့

ထို့အပြင် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးကို အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်လာစေရေးအတွက် စာအုပ်၊ စာပေများကို ပြည်သူများ အလွယ်တကူလေ့လာဖတ်ရှုနိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာကြည့်တိုက်များကို မြို့ပြများသာမက ကျေးလက်များအားလုံးကိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အတွင်းမှာဆိုလျှင် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ပေါင်း ၅၉၇၄တိုက် ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း၊တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၆ခုနှစ် မတ်လအတွင်းက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ယင်းသို့ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အစဉ်ရှင်သန်ဖွံ့ဖြိုး တိုးတက်နေရေးအတွက် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ စာကြည့်တိုက် အင်္ဂါရပ်များဖြစ်သည့် အဆောက်အအုံ ရရှိရေး၊ စာအုပ်စာပေမဂ္ဂဇင်းများနှင့် ဂျာနယ်၊ သတင်းစာများ ရရှိရေး၊ စာကြည့်တိုက်ကော်မတီများဖြင့် တာဝန်ပေးအပ်ရေး၊ စာကြည့်တိုက် ရန်ပုံငွေများထူထောင်နိုင်ရေး၊ စာကြည့်တိုက်အသင်းဝင်များ အင်အားတိုးပွားရေးတို့ဖြစ်ကြောင်း။

ဗဟုသုတကြွယ်ဝ

လောကတွင် လူကို စိတ်က အုပ်စိုးကြောင်း၊ ယင်းစိတ်ကို အသိဉာဏ်က အုပ်စိုးကြောင်း၊ တစ်ဖန် အသိဉာဏ်ကို ဗဟုသုတက အုပ်စိုးကြောင်း၊ ဗဟုသုတကို စာအုပ်စာပေတို့က အုပ်စိုးကြောင်း၊ ထို့ကြောင့် မိမိတို့သည် စာအုပ်စာပေများကို လေ့လာဖတ်ရှုနေခြင်းအားဖြင့် ဗဟုသုတများ ကြွယ်ဝရရှိစေမှာဖြစ်ကြောင်း။

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည့်အတွက် အသိပညာ ဗဟုသုတများကြွယ်ဝနေပြီး ခေတ်မီသိပ္ပံနည်းပညာများ မြင့်မားတိုးတက်ခြင်းများနှင့် ပြည့်စုံနေမှသာ ပညာခေတ်၏ စိန်ခေါ်နေမှုကို ရင်ဆိုင်နိုင်မှာဖြစ်ကြောင်း၊ အသိပညာများနှင့် နည်းပညာများဖွံ့ဖြိုးသည့် နိုင်ငံများသာလျှင် အရာရာတွင် ရှေ့ဆုံးက ရောက်ရှိမှာဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ဖိုးသုညများနှင့် တည်ဆောက်၍ မရနိုင်ကြောင်း”**ဟု မိန့်ကြားခဲ့တာ ရှိပါကြောင်း။

ယနေ့ဆိုလျှင် စစ်ကိုင်းတိုင်း အတွင်း၌ ရပ်ကွက်နှင့် ကျေးရွာများတွင် စာကြည့်တိုက်ပေါင်း ၆၁၀၇ တိုက်၊ ပညာ့အလင်းခေတ်စာကြည့်တိုက် (e-Library) ၅၈တိုက်တွင် ကွန်ပျူတာ ၃၂၉ လုံး၊ ပညာရပ်ဆိုင်ရာ CD-Rom အချပ်ရေ ၃၁၃၉၉ ချပ်ကို စင်တင်ထားရှိပြီး ကွန်ပျူတာ ဆင့်ပွားသင်တန်းများ ဖွင့်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ၊ သံဃာတော်များပါ မကျန် ကွန်ပျူတာကို အသုံးချနေပြီ ဖြစ်ကြောင်း။

မှန်ကန်သည့်အတွေးအခေါ်

တပ်မတော် အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နေတဲ့ အချိန်ကာလဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်သည့်နေရာတွင် နိုင်ငံသူ နိုင်ငံသားတို့၏ ပညာအရည်အချင်း မြင့်မားမှု၊ စိတ်ထားမြင့်မြတ်မှု၊ အသိပညာ ဗဟုသုတကြွယ်ဝမှုနှင့် မှန်ကန်သည့် အတွေးအခေါ်များ ပြည့်စုံမှသာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးပြု ထိရောက်သည့် အဆင့်အတန်းမြင့်မားသော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်မှာဖြစ်ကြောင်း။

အလျဉ်းသင့်၍ ယနေ့နိုင်ငံတော်တွင် ဆောင်ရွက်နေသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိစ္စနှင့် စပ်လျဉ်း၍ မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူလူထု တစ်ရပ်လုံးအတွက် စားဝတ်နေရေးကိစ္စ ဖူလုံသည့်အပြင် ပိုလျှံမှုရှိအောင် ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လူသားတို့အတွက် ရိက္ခာဖူလုံမှု ပြည့်စုံသော်လည်း တိုးတက်များပြားလာသည့် စက်ယန္တရားများအတွက် စက်သုံးဆီ လိုအပ်မှု ရှိနေပါသေးကြောင်း၊ ထို့ကြောင့် ယနေ့ သုတေသီများ၏ လေ့လာဖော်ထုတ်မှုအရ လောင်စာဆီ လိုအပ်မှုကိုကြံ၊ ပဲပုပ်စေ့ ပြောင်းဖူးစေ့၊ ဟင်းသီးဟင်းရွက် စသည့် သီးနှံများမှ လည်းကောင်း ခြံစည်းရိုးကြက်ဆူတို့မှ လည်းကောင်း ထုတ်ယူသုံးစွဲနေကြပြီဖြစ်ကြောင်း။

ခြံစည်းရိုး ကြက်ဆူပင်သည် မိမိတို့နိုင်ငံအတွက် မည်သည့် နေရာဒေသမှာမဆို စိုက်ပျိုးနိုင်ကြောင်း၊ အထူးသဖြင့် မိမိတို့ စစ်ကိုင်းတိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းအောင်မြင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့ သိပ္ပံပညာရပ်များ၏ တွက်ချက်မှုအရ ကမ္ဘာ့ရေနံသိုက်များ၏ သုံးစွဲနိုင်မှုသက်တမ်းမှာ နောင်နှစ်ပေါင်း ၃၀၊ ၄၀သာ ကြာရှည်ခံမည်ဟု သိရကြောင်း။

ကွက်ပြည့်စိုက်ပျိုး

မြေအောက်မှရေနံကို ထုတ်ယူသုံးစွဲနေရသည်မှာ ပီပါထဲကရေကို ခပ်ယူနေရသကဲ့သို့ ဖြစ်ကြောင်း၊ အချိန်တိုအတွင်းမှာ ကုန်ဆုံးမှာ ဖြစ်ကြောင်း၊ ရေတွင်းထဲက ရေကဲ့သို့ ခပ်ယူသုံးစွဲ၍ မရနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ စက်ယန္တရားများအတွက်လိုအပ်နေသည့် လောင်စာဆီကို အခက်အခဲမရှိဘဲ အလွယ်တကူဖြင့် အစားထိုးဖြည့်ဆည်းနိုင်ပြီဖြစ်၍ မိမိတို့အားလုံး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လယ်ယာသီးနှံစိုက်ပျိုးထားသည့်မြေများမှအပ ကျန်ရှိနေသည့် မြေလွတ်မြေရိုင်းနှင့် မြေကွက်လပ်များ၊ ခြံစည်းရိုးများ၊ ကျောင်းဝင်းခြံမြေများနှင့် စက်ရုံအလုပ်ရုံ ရုံးဌာနများတွင် ကွက်ပြည့်စိုက်ပျိုးကြရန် မှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် စစ်ကိုင်းတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေကြေးပစ္စည်း၊ စာအုပ်စာစောင် လှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်လာကြသည့် တိုင်းမှူးနှင့်တကွ စေတနာရှင်၊ အလှူရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်ပါကြောင်း။

အလေးထားဆောင်ရွက်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့မှာ နည်းပညာများ အသုံးပြုပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အနာဂတ်တွင် မိမိတို့၏ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုးမြှင့် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားပညာမြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ကာ ပညာမြင့်မားရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့လူ့ဘောင်ကို အမြဲသင်ယူလေ့လာနေသော လူ့ဘောင် (Life Long Learning Society) ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယနေ့လူငယ်များသည် မိမိတို့ နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီသော ပညာရပ်များကို အလွယ်တကူ လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အရေးများ၊ အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ကြောင်း၊ ထိုသို့ အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း မြန်မာနိုင်ငံ၏ ၇၀ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အသိပညာမြင့်မားရန်၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်းများ နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

လေ့ကျင့်ပျိုးထောင်

စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းသည် အမျိုးသားရေးတာဝန်ကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ထိုသို့ အမျိုးသားရေးတာဝန်များ ကျေပွန်အောင် ဆောင်ရွက်နိုင်သည်မှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင် အလှူရှင်တို့၏ အားသုံးအား ပေါင်းစည်းမှုကြောင့်ဖြစ်ကြောင်း၊ ထူထောင်ပြီးသား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရန်အတွက် ရေရှည်လုပ်ငန်းစဉ်ငါးရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်မှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိရေး၊ စာဖတ်ကြရန်စည်းရုံးဆောင်ရွက်ရေး၊ ရရှိပြီးစာအုပ်၊ စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ ရရှိအောင်၊ တိုးပွားအောင် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများစုံလင်စွာရှိလာစေရန်ဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် စီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်းကျေးရွာပေါင်း ၆၁၉၄၉ရွာရှိသည့်အနက် ၂၀၀၆ခုနှစ် ဇွန် ၇ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၄၇၀၇ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တည်ထောင်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၈)ကြိမ် ကျင်းပခဲ့ရာ အလှူရှင် ၁၄၈၇ဦးရှိခဲ့ပြီး၊ ငွေသားလှူဒါန်းရရှိမှုမှာ ကျပ်ငွေ ၁၂၂၅၅၅၀၀၀ ဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၁၆၅၉၃၉၈၉ တန်ဖိုးရှိသည့် စာအုပ်၊ စာစောင်ပေါင်း ၂၂၅၆၅၀၉ကို လက်ခံရရှိပြီး ဖြစ်ကြောင်း။

အား လေးအား

ယင်းလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်များ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ဌာနမှ ဝန်ထမ်းများပါဝင်သည့် အား လေးအားဖြင့် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံ၏ အကျိုးစီးပွားရေး ဖျက်ဆီးသူများ မှန်သမျှ တွန်းလှန်ဖယ်ရှားကြရန်လိုကြောင်း၊ နိုင်ငံသားများအသိပညာများကြွယ်ဝပြီး အရည်အချင်းပြည့်ဝသူများကို ရွေးထုတ်ပေးရန် လိုကြောင်းဖြင့် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်နှင့်အညီ စစ်ကိုင်းတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းကို များစွာဂုဏ်ယူမိပါကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းတိုင်း တိုင်းလုံးကျွတ် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယို၊ ကက်ဆက်များ၊ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ ကော်လံ ၁

10-7 (07).p65 1 1/12/32, 9:36 PM

အမျိုးသားရေးအန္တရာယ်

ကော

မျက်မှောက် မြန်မာနိုင်ငံ၏သမိုင်းခေတ်တွင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကြိုးပမ်းမှုများအား ဟန့်တားနှောင့်ယှက် ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အမျိုးသားရေးအန္တရာယ်ကို တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးက ပြတ်သားရဲရင့်စွာ ဖော်ထုတ်ဆန့်ကျင်ကြရမည် ဖြစ်သည်။

စင်စစ် မျက်မှောက်မြန်မာနိုင်ငံတော်၏ သမိုင်းသည် အမျိုးသားနိုင်ငံရေးခေတ်သစ်ဆီသို့ ပြည်သူတစ်ရပ်လုံးက ဦးတည်ရည်မှန်းလျက် နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ဆောက်မှုလုပ်ငန်းများကို ကျစ်လျစ်ခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်ရေးအင်အားဖြင့် ကြိုးပမ်းတည်ဆောက်နေသော သမိုင်းစဉ်ဖြစ်သည်။ **“ဤသည်မှာ အမျိုးသားနိုင်ငံရေး ဒီရေမြင့်တက်လာမှုဖြစ်သည်”** ယင်းအမျိုးသားနိုင်ငံရေး ဒီရေမြင့်တက်လာမှုကို တားဆီးဟန့်တားလာခဲ့လျှင် တားဆီးဟန့်တားနှောင့်ယှက် ဖျက်ဆီး သူသည် ပင်လျှင် အမျိုးသားနိုင်ငံရေး၏ဒီရေအောက်တွင်လုံးဝ ပျောက်ကွယ်ကျဆုံးရမည်သာဖြစ်သည်မှာ သဘာဝနိယာမတရားပင်ဖြစ်သည်။

ဆိုလိုသည်မှာ မျက်မှောက်ကာလတွင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးဆိုင်ရာ ဘုံရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးကို မဖြစ်မနေ ကြိုးပမ်းတည်ဆောက်နေကြသည်မှာ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းပင်ဖြစ်သည်။

ယင်းသို့အားဖြင့် မြန်မာပြည်သူတစ်ရပ်လုံးသည် အမျိုးသားအကျိုးစီးပွားဖြစ်သော ဘုံရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အခိုင်အမာတည်ဆောက်နိုင်ရန် နိုင်ငံတော်၏ ပကတိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများနှင့် သဟဇာတကျစွာ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

ဤသို့အားဖြင့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်တွင် အခြေခံအကျဆုံးလည်းဖြစ်၍ ပထမအဆင့်လည်းဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် လိုအပ်သော အခြေခံမူများ ရရှိရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပခဲ့၊ ကျင်းပလျက်ရှိနေသည်။ အမျိုးသားညီလာခံတွင် ပါတီပေါင်းစုံကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လူထုလူတန်းစား အလွှာစုံ ကိုယ်စားလှယ်များက တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံမူ(၁၀၄)ချက်နှင့်အတူ အသေးစိတ် အခြေခံရမည့်မူများကို ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်နိုင်ခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရေး အခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

ယင်းအခြေအနေအရပ်ရပ်သည် ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ပရှိ တိုင်းပြေး ပြည်ပြေး ဝရမ်းပြေးအပါအဝင် အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများအပါအဝင် ပြည်ပအင်အားကြီးနိုင်ငံအချို့၏ ရည်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံအား အခြွေအရံ လက်ဝေခံနိုင်ငံတစ်နိုင်ငံဖြစ်ရေးနှင့် ယင်းတို့၏ အလိုကျ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတစ်ရပ် ဖွဲ့စည်းရေးဆိုသည်မှာ အိပ်မက်ပမာ ဖြစ်လာစေခဲ့သည်။ ယင်းသည်ပင်လျှင် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအင်အားကြီးနိုင်ငံအချို့အတွက် ရတက်မအေးဖွယ် အခြေအနေကို ရင်ဆိုင်လာစေခဲ့သည်။ သွေးရူးသွေးတန်း လုပ်ရပ်များ၊ ဝါဒဖြန့် လိမ်ညာမှုများကို သိက္ခာမဲ့စွာ ကျူးလွန်လာခဲ့ကြသည်။

ယင်းတို့အနက် ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အကြောင်းအမျိုးမျိုးပြပြီး အမျိုးသားညီလာခံကို တက်ရောက်ခြင်းမရှိခဲ့ဘဲ စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်ရန်ဟူသော အခြေအနေနှင့် မလျော်ညီတော့သည့်၊ နောက်ပြန်ဆွဲနေသည့် တောင်းဆိုချက်ကို တောင်းဆိုလာခဲ့သည်။ မြန်မာ နိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာ ဖြစ်လာစေ ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရန်အထိ ပြည်ပအင်အားကြီးနိုင်ငံအချို့၏ ဖိအားနှင့် တိုင်းပြေး ပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်အုပ်စုများ အပါအဝင် လက်နက်ကိုင် သောင်းကျန်းသူတို့နှင့် လက်ဝါးချင်းရိုက် စည်းကိုက်ဝါးကိုက်ပြီး ဟန်ချက်ညီညီ ကြွေးကြော်လာခဲ့သည်။ ကျင်းပဆဲ အမျိုးသားညီလာခံ၏ အောင်မြင်မှုများကို ချေဖျက်ရန် ဝိုင်းဝန်းပုတ်ခတ်ဆန့်ကျင်လာခဲ့ကြသည်။ အမျိုးသားညီလာခံ ပျက်စီးရေးကို ဘက်ပေါင်းစုံမှ ရေးရှုကြိုးပမ်း လှုပ်ရှားလာခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်မှန်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်ဟူ၍လည်းကောင်း၊ ယင်းတွေ့ဆုံဆွေးနွေး ပွဲတွင် ပါတီခေါင်းဆောင် ဒေါ်စုကြည် တက်ရောက်ပါဝင်ဆွေးနွေးနိုင်ရန်နှင့် အမြန်ဆုံး လွှတ်ပေးရန်ဟူ၍လည်းကောင်း၊ တွေ့ဆုံ ဆွေးနွေးရာတွင် အသွင်ကူးပြောင်းရေးကာလကို သတ်မှတ်ရန်ဟူ၍လည်းကောင်း၊ ယင်းနောက် လွှတ်တော်ခေါ်ပြီး တပ်မတော်အစိုးရကို တရားဝင်အစိုးရအဖြစ် ကြေညာရန်ဟူ၍လည်းကောင်း အခြေအနေနှင့် အချိန်အခါနှင့် မလျော်ညီဘဲ လက်တွေ့လည်းမကျ၊ အလုပ်လည်း မဖြစ်နိုင်သော တောင်းဆိုချက်များဖြင့် နေ့ရက်သတ်မှတ်ပြီး အကြောင်းပြန်ကြားရမည်ဟု တောင်းဆိုလာခဲ့ကြသည်။

ဤတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မေးခွန်းထုတ်ရန်လိုလာခဲ့သည်။ စစ်မှန်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု ဆိုသည်မှာ မည်သို့သော စံနှုန်းများဖြင့် သတ်မှတ်ထားပါသနည်း?၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုဆိုသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လိုလားချက်များအား ဖြည့်ဆည်းရေးလား?၊ ကျင်းပဆဲ အမျိုးသားညီလာခံကို ဖျက်သိမ်းပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က စိတ်ကြိုက်ခြယ်လှယ်ခွင့်ရသော အမျိုးသားညီလာခံအမည်ခံသော ပါတီညီလာခံမျိုး ကျင်းပရေးလား?၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေး ခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများ ချုပ်ငြိမ်းပြီး ဒီမိုကရေစီ နိုင်ငံသို့ ချက်ချင်းရောက်မည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်လက်ခံထားပါသလား?၊ ပါတီ ခေါင်းဆောင် ဒေါ်စုကြည်သည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာ အရပ်ရပ်ကို ဦးဖွမန်းပြီး ဆေးဝါးကုသသော ပျောက်စေဆရာကဲ့သို့ အစွမ်းထက်စွာ ဖြေရှင်းနိုင်သည်ဟု ဆိုလိုပါ သလား? သို့မဟုတ် ပါတီခေါင်းဆောင် ဒေါ်စုကြည်၏ နိုင်ငံရေး အတွေ့အကြုံသည် မြန်မာနိုင်ငံအား ဒီမိုကရေစီ နိုင်ငံတော်အဖြစ်သို့ နေ့ချင်းညချင်း ဖြစ်ပေါ်လာအောင် တိုက်ရိုက်ပို့ဆောင် နိုင်ပါသလား?ဟု မေးလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မည်သို့ဖြေဆိုပါမည်နည်း?။

ရှင်းစွာဆိုရလျှင် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ဆိုသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုနေသော ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးနှင့် ပါတီခေါင်းဆောင် ဒေါ်စုကြည်၏ နိုင်ငံရေးသိက္ခာဆယ်ရေး စံနှုန်းများဖြင့် သတ်မှတ်ထားသော တွေ့ဆုံဆွေးနွေးရေးပင် ဖြစ်သည်။

စင်စစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်း၏ကျဆုံးနေသော နိုင်ငံရေးစည်းရုံးရေးအား တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်ဖြင့် ကျားကန်ထားရန် ဖြစ်သကဲ့သို့ အမျိုးသားညီလာခံ ပျက်စီးရေး အတွက် တွေ့ဆုံဆွေးနွေးရေးကို နည်းဗျူဟာအဖြစ် ကျင့်သုံးနေခြင်း ဖြစ်သည်။ ပမာအားဖြင့် ၁၉၅၂–၅၄ခုနှစ် အတွင်း စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး ကျဆင်းနေသော ဗမာပြည် ကွန်မြူနစ်ပါတီ(ဗကပ)က ဖဆပလအစိုးရအား တွေ့ဆုံဆွေးနွေးရေး၊ ပြည်တွင်းစစ်ရပ်စဲရေး ကြွေးကြော်သံဖြင့် ကျားကန်သကဲ့သို့ဖြစ်သည်။ အမှန်အားဖြင့် ဗကပ သည် စည်းရုံးရေးနည်းဗျူဟာအရ တွေ့ဆုံဆွေးနွေးရေး၊ ပြည်တွင်း စစ်ရပ်စဲရေး ကြွေးကြော်သံဖြင့် တပ်နှင့်ပြည်သူကို ဝါဒဖြန့် စည်းရုံးနေ သော်လည်း မဟာဗျူဟာအရ လက်နက်ဖြင့် အဆုံးသတ်အာဏာ သိမ်းယူရေးပင်ဖြစ်သည်ကို မြန်မာ့နိုင်ငံရေးသမိုင်းတွင် အထင်အရှားရှိ ခဲ့ပြီးဖြစ်သည်။ မျက်မှောက်မြန်မာနိုင်ငံသမိုင်းခေတ်သည် စနစ်ဟောင်း တစ်ခုမှ စနစ်သစ်တစ်ခုသို့ ပြောင်းလဲနေသော အမျိုးသားနိုင်ငံရေး အလှည့်အပြောင်းကာလဖြစ်ရာ ထွေပြားလှသော အမျိုးသားရေးပြဿနာ များစွာအား ပါတီအဖွဲ့အစည်းတစ်ရပ်၊ ခေါင်းဆောင်တစ်ဦးနှင့် ဆွေးနွေး ခြင်းဖြင့် အရာခပ်သိမ်း ပြေလည်မည်ဟု ယုံကြည်လက်ခံ နေခြင်းသည် နိုင်ငံရေးအရ စိတ္တဇဆန်စွာ သူရူးအိပ်မက်မက်နေခြင်းဖြစ်သည်။

ဆိုရလျှင် မြန်မာနိုင်ငံ၏အမျိုးသ
ကာလတွင် ထွေပြားသော အမျိုးသာ
သားလုံး၊တစ်နိုင်ငံလုံးရှိ တိုင်းရင်းသ
သည့် အမျိုးသားညီလာခံကသာ ဖြေရှင်း
ကျသော အမျိုးသားနိုင်ငံရေး ရပ်တည်
ဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်းအမျိုး
သွေဖည်ဆန့်ကျင်ပြီး မိမိတစ်ပါတီတ
အဆများဖြင့် ဖြေရှင်းနိုင်စွမ်းရှိမည်ဟ
အမျိုးသားရေးထက် မိမိပါတီ၏ အ
တစ်ပါတီလွှမ်းမိုးရေးဝါဒပင် ဖြစ်သည်
အမည်ခံသော တစ်ပါတီအာဏာရှင်စ
ဖြစ်သည်။”

အလားတူပင် ပုဂ္ဂိုလ်တစ်ဦးတ
ဆန်စွာ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသ
ဖြေရှင်းပြီးမြောက်နိုင်မည်ဟု ယုံ
စိတ်ကူးယဉ်မှု တစ်ရပ်ပင်ဖြစ်သည်။
နိုင်ငံခြားသားနှင့်လက်ထပ်ပြီး ပြည်
ခဲ့သူတစ်ဦးက လွှတ်လပ်ရေးရပြီးသည်
လွှတ်လပ်ရေးသက်တမ်းနှင့်အမျှ ဖြ
စီးပွားရေး၊ လူမှုရေးပြဿနာများနှင့်အ
အမျိုးသားရေးပြဿနာအား မည်သ
များအရ ဖြေရှင်းပါမည်နည်း။ ဖြေရှ
ဖွယ်ရာပင် ဖြစ်သည်။

ယင်းအခြေအနေအရပ်ရပ်ကို အ
မျက်ကွယ်ပြုပြီး ပြည်ပရှိ အင်အား
ပိတ်ဆို့မှုကို အားကိုးသမှုပြု၍လည်း
ပြည်ပရှိ တိုင်းပြေး၊ ပြည်ပြေး၊ ဝရမ်
လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အ
ယူဂျီအစုအဖွဲ့များ၊ NGOအမည်ခံ နိုင်
သြဇာခံအုပ်စုများနှင့် ပညာရှင်အမည်
ကိုက် လက်ဝါးချင်းရိုက်ပြီး ယင်းတေ
တောင်းဆိုမှုအဖြစ်လည်းကောင်း၊ နိုင်
ကောင်း ပုံဖော်ဝါဒဖြန့်ရန်ကြိုးပမ်းနေမှု
ဖြစ်ပေါ်ရေး လမ်းကြောင်းကို အလုပ်
ဖြစ်သည်။

ပို၍ဆိုးရွားသည်မှာ နယ်စပ်ဒေ
ပြည်ပြေးအကြမ်းဖက်အုပ်စုများ၊ လက်
မြန်မာနိုင်ငံအစိုးရအား တရားမဝင် အ
နေသည့်နည်းတူ အမျိုးသားဒီမိုကရေ
ခေါ်ပေးပါက တရားဝင်အစိုးရအဖြစ်
ဂိုဏ်းတူ၊ လိုင်းတူ၊ ဆရာတူတို့၏
ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိ
တရားဝင် အသိအမှတ်ပြုထားသော နိ
အစိုးရအဖြစ် ကြေညာပေးမည်ဟု
ဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးအရ အ
ယင်းအပြင် မည်သည့်နေ့ရက်တွင်
သတ်မှတ် တောင်းဆိုခြင်းမှာလည်း
တစ်စုံတစ်ရာ လှုပ်ရှားမှုပြုတော့မည်
အနက်အဓိပ္ပာယ် ဆောင်လျက်ရှိရာ အ
ဟောက်စား၊ ခြောက်စား၊ ငေါ
ဖွဲ့စည်းထားသည့် လူအုပ်စုအဆင့်သို့

ဆက်၍ဆိုပါမည်။ ၁၉၈၉ခု
ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၏
၂၀၀၃ခုနှစ် ဩဂုတ်လ၁၅ရက်တွင်ပြုလ
နှစ်ပတ်လည်နေ့နောက်ပိုင်းတွင် စတင်
ပိုမိုလှုပ်ရှားလာခဲ့သည်။ ယင်းနှစ်
အမှတ်(၁)ဟူ၍ နိုင်ငံတော်အတွင်း အဖ
စီမံချက်ကို ကြေညာခဲ့သည်။ “ဒီမို–၂၀၀
၂၀၀၆ခုနှစ်တွင် ပြည်တွင်းဆူပူမှု၊
“လူထုအုံကြွမှု ဖော်ထုတ်ပြင်ဆင်ရေး
ယင်းအဖွဲ့သည် မြေအောက်လှုပ်ရှားမှု
နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့များကို

ရှစ်ဆယ့်ရှစ် မျိုးဆက်ဆိုသူများကလည်း ၁၉၈၈ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ဒီမိုကရေစီ အရေးတော်ပုံကြီးပမာ တဖွဲ့တနွဲ့ လွမ်းပြပြီး တပ်မတော်ကပင် ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖျက်ဆီး လိုက်သကဲ့သို့ စွပ်စွဲတိုက်ခိုက်လာခြင်း၊ ပြည်ပရှိ တိုင်းပြေး ပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်အုပ်စုများနှင့် အပြန်အလှန် ဆက်သွယ်လာကြခြင်း၊ ဒီမိုကရေစီ ဖြစ်ထွန်းလာရေးအတွက် ပြည်သူနှင့် ကျောင်းသားများ၊ တပ်မတော်သားများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက စည်းရုံးကြိုးပမ်းကြရမည်ဟု လှုံ့ဆော် စည်းရုံးလာခြင်းတို့ဖြင့် ပြည်သူလူထု၏ ဆူပူအုံကြွမှုဖြစ်ပေါ်လာစေရန် လမ်းကြောင်းပေးလျက်ရှိ။

ကေတုနိလာ

ဆိုရလျှင် မြန်မာနိုင်ငံ၏အမျိုးသားရေးဆိုင်ရာ အလှည့်အပြောင်း ကာလတွင် ထွေပြားသော အမျိုးသားရေးပြဿနာများအား တစ်မျိုးသားလုံး၊တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူများဆန္ဒကို အခြေခံသည့် အမျိုးသားညီလာခံကသာ ဖြေရှင်းဆောင်ရွက်နိုင်မည်မှာ လက်တွေ့ကျသော အမျိုးသားနိုင်ငံရေး ရပ်တည်ချက်ပင် ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်းအမျိုးသား နိုင်ငံရေးရပ်တည်ချက်ကို သွေဖည်ဆန့်ကျင်ပြီး မိမိတစ်ပါတီတည်း၏ သဘောဆန္ဒများ၊ အယူအဆများဖြင့် ဖြေရှင်းနိုင်စွမ်းရှိမည်ဟု ယုံကြည်လက်ခံနေခြင်းသည် အမျိုးသားရေးထက် မိမိပါတီ၏ အရေးပေါ်တွင် အခြေခံထားသည့် တစ်ပါတီလွှမ်းမိုးရေးဝါဒပင် ဖြစ်သည်။ **"ဤသည်မှာ ဒီမိုကရေစီပါတီ အမည်ခံသော တစ်ပါတီအာဏာရှင်စနစ်သို့ လားရာလမ်းကြောင်းပင် ဖြစ်သည်။"**

အလားတူပင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက သူရဲကောင်းဆန်စွာ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးပြဿနာကို တာဝန်ယူဖြေရှင်းပြီးမြောက်နိုင်မည်ဟု ယုံကြည်လက်ခံနေခြင်းသည်လည်း စိတ်ကူးယဉ်မှု တစ်ရပ်ပင်ဖြစ်သည်။ အထူးသဖြင့် ဒေါ်စုကြည်ကဲ့သို့ နိုင်ငံခြားသားနှင့်လက်ထပ်ပြီး ပြည်ပတွင် ၂၈နှစ်ကြာမျှ နေထိုင်ခဲ့သူတစ်ဦးက လွတ်လပ်ရေးရပြီးသည်မှ မျက်မှောက်ကာလတိုင်အောင် လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ဖြတ်သန်းလာခဲ့ရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများနှင့်အတူ ထွေပြားသိမ်မွေ့နက်ရှိုင်းသော အမျိုးသားရေးပြဿနာအား မည်သည့်အတွေ့အကြုံနှင့် ဖြတ်သန်းမှုများအရ ဖြေရှင်းပါမည်နည်း။ ဖြေရှင်းနိုင်စွမ်းရှိပါမည်လား၊ စဉ်းစားဖွယ်ရာပင် ဖြစ်သည်။

ယင်းအခြေအနေအရပ်ရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မျက်ကွယ်ပြုပြီး ပြည်ပရှိ အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေးမှု၊ ပိတ်ဆို့မှုကို အားကိုးသမှုပြု၍လည်းကောင်း၊ နယ်စပ်ဒေသအချို့နှင့် ပြည်ပရှိ တိုင်းပြေး၊ ပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်အုပ်စုများ၊ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဗကပလက်ကျန်ယူဂျီအစုအဖွဲ့များ၊ NGOအမည်ခံ နိုင်ငံတကာ သူလျှိုအဖွဲ့အစည်း၏ သြဇာခံအုပ်စုများနှင့် ပညာရှင်အမည်ခံ ပုဂ္ဂိုလ်အချို့က စည်းကိုက်ဝါးကိုက် လက်ဝါးချင်းရိုက်ပြီး ယင်းတောင်းဆိုချက်များကို နိုင်ငံတကာ တောင်းဆိုမှုအဖြစ်လည်းကောင်း၊ နိုင်ငံတကာ ပြဿနာအဖြစ် လည်းကောင်း ပုံဖော်ဝါဒဖြန့်ရန်ကြိုးပမ်းနေမှုများသည်မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်ရေး လမ်းကြောင်းကို အလှမ်းဝေးစေရန် ဖန်တီးနေခြင်းပင် ဖြစ်သည်။

ပို၍ဆိုးရွားသည်မှာ နယ်စပ်ဒေသအချို့နှင့် ပြည်ပရှိ တိုင်းပြေး၊ ပြည်ပြေးအကြမ်းဖက်အုပ်စုများ၊ လက်နက်ကိုင်သောင်းကျန်းသူများက မြန်မာနိုင်ငံအစိုးရအား တရားမဝင် အစိုးရကဲ့သို့ ပုတ်ခတ်တိုက်ခိုက်နေသည့်နည်းတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း လွှတ်တော်ခေါ်ပေးပါက တရားဝင်အစိုးရအဖြစ် ကြေညာပေးမည်ဟု ဆိုနေခြင်းမှာ ဂိုဏ်းတူ၊ လိုင်းတူ၊ ဆရာတူတို့၏ အသံပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ကမ္ဘာ့ကုလသမဂ္ဂက တရားဝင် အသိအမှတ်ပြုထားသော နိုင်ငံတော်အစိုးရအား တရားဝင်အစိုးရအဖြစ် ကြေညာပေးမည်ဟု ဆိုနေခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးအရ အဆန်ချောင် ရူးသွပ်မှုပင်ဖြစ်သည်။ ယင်းအပြင် မည်သည့်နေ့ရက်တွင် အကြောင်းပြန်ရမည်ဟု ရက်သတ်မှတ် တောင်းဆိုခြင်းမှာလည်း ယင်းရက်များကျော်လွန်ပါက တစ်စုံတစ်ရာ လှုပ်ရှားမှုပြုတော့မည့် ခြိမ်းခြောက်ခြင်းသဘောကို အနက်အဓိပ္ပာယ် ဆောင်လျက်ရှိရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဟောက်စား၊ ခြောက်စား၊ ငေါက်စား လူတန်းစားများဖြင့် ဖွဲ့စည်းထားသည့် လူအုပ်စုအဆင့်သို့ လျှောကျလျက်ရှိသည်။

ဆက်၍ဆိုပါမည်။ ၁၉၈၉ခုနှစ်အတွင်း ပြိုကွဲသွားခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၏ လက်ကျန်အုပ်စု ဗကပများသည် ၂၀၀၃ခုနှစ် ဩဂုတ်လ၁၅ရက်တွင်ပြုလုပ်ခဲ့သော (၆၅)နှစ်မြောက်ပါတီနှစ်ပတ်လည်နေ့နောက်ပိုင်းတွင် စတင်လှုပ်ရှားလာခဲ့ရာ ၂၀၀၄ခုနှစ်တွင် ပိုမိုလှုပ်ရှားလာခဲ့သည်။ ယင်းနှစ် ဇူလိုင်လတွင် "ဒီမို-၂၀၀၆" အမှတ်(၁)ဟူ၍ နိုင်ငံတော်အတွင်း အဖျက်လုပ်ငန်းများ လုပ်ဆောင်မည့် စီမံချက်ကို ကြေညာခဲ့သည်။ "ဒီမို-၂၀၀၆"၏ အဓိကရည်ရွယ်ချက်သည် ၂၀၀၆ခုနှစ်တွင် ပြည်တွင်းဆူပူမှု၊ လူထုအုံကြွမှုဖြစ်လာစေရန်၊ "လူထုအုံကြွမှု ဖော်ထုတ်ပြင်ဆင်ရေးအလုပ်အဖွဲ့"ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့သည် မြေအောက်လှုပ်ရှားမှုကို အဓိကထား လှုပ်ရှားနေသော နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့များကို အခြေခံ ဖွဲ့စည်းလှုပ်ရှားရေးဖြစ်သည်။ ယင်း၏လုပ်ငန်းများမှာ နိုင်ငံနှင့်အဝန်း မြေအောက်ကလာပ်စည်းများ ဖွဲ့စည်းပြီး ပြည်သူလူထုအတွင်း မဟုတ်မမှန် လုပ်ကြံသတင်းများ၊ ကောလာဟလများ ထုတ်လွှင့်၍ လှုံ့ဆော်စည်းရုံးရန်နှင့် အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်ကို အခြေခံထား၍ ဥပဒေပြင်ပတိုက်ပွဲများဖော်ထုတ်ရန်၊ တပ်တွင်းစည်းရုံးရေးပြိုကွဲစေရေးအတွက် သပ်လျှိုဖြိုခွဲရန်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လှုပ်ရှား၍ မရသော နေရာဒေသများတွင် လူထုအုံကြွမှု ဖြစ်ပေါ်လာစေရန်၊ လှုံ့ဆော် စည်းရုံးဦးဆောင်ရန် ဖြစ်သည်။

ယင်းရည်ရွယ်ချက်များအရ ဗကပလက်ကျန်ယူဂျီများသည် လက်ဝဲအယူအဆဘက်သို့ တိမ်းညွတ်နေသော NLD-LA (မြောက်ပိုင်း)၊ ABSDF (မြောက်ပိုင်း)တို့အား ထိုးဖောက်ချဉ်းကပ်ဆက်သွယ်ပြီး မြန်မာနိုင်ငံအစိုးရ ဆန့်ကျင်ရေး စာရွက်စာတမ်းများဖြန့်ဝေခြင်း၊ ဗကပကြေညာစာတမ်းနှင့် ဆန့်ကျင်လှုံ့ဆော်စာများကို အင်တာနက် e- Mail များ အသုံးပြုလျက် ပြည်တွင်းပြည်ပရှိ ဆန့်ကျင်အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆက်သွယ်ပေးပို့ခြင်း၊ ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ အစည်းများနှင့် NGOအမည်ခံ နိုင်ငံတကာ သူလျှိုအဖွဲ့အစည်း၏ သြဇာခံအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားဆိုသူများသို့ လုပ်ကြံဖန်တီးထားသော သတင်းအချက်အလက်များ ပေးပို့ခြင်းတို့ဖြင့် မြန်မာနိုင်ငံအစိုးရအပေါ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူသည်အထိ စွဲချက်တင်နိုင်ရေး စသည့် အဖျက်လုပ်ရပ်များကို ဗကပယူဂျီလက်ကျန်တို့က ၂၀၀၆ ဒီမိုစီမံချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် နယ်စပ်ဒေသနှင့်ပြည်ပရှိ တိုင်းပြေး ပြည်ပြေး၊ ဝရမ်းပြေးအကြမ်းဖက်အုပ်စုများနှင့် တောတွင်းရှိ လက်ကျန် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းတို့ကလည်း ပြည်သူအတွင်း အထိတ်တလန့်ဖြစ်စေရန် ရန်ကုန်မြို့၊ ပဲခူးမြို့၊ တောင်ငူမြို့နှင့် နယ်စပ်ဒေသရှိ မြို့ငယ်များတွင် မိုင်းခွဲသတ်ဖြတ်မှုများကို ကျူးလွန်လာခဲ့ကြ သည်။ ရထားလမ်းများ၊ တံတားများကို မိုင်းခွဲဖျက်ဆီးရန်အထိ ကြိုးပမ်းလာသဖြင့် တပ်မတော်က လက်ဦးမှုရှိစွာ လုံခြုံရေးသတိဖြင့် ပြည်သူတို့နှင့် ပူးပေါင်းကာကွယ်နိုင်ခဲ့ခြင်းကြောင့် မလိုလားအပ်သော သေကျေပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားခဲ့ပေ။ ယင်းသို့ တပ်မတော်က လုံခြုံရေးသတိဖြင့် ပြည်သူတို့၏ဘဝ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေးအတွက်

စစ်မှန်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု ဆိုသည်မှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုနေသော ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ် အကောင်အထည်ဖော်ရေးနှင့် ပါတီ ခေါင်းဆောင် ဒေါ်စုကြည်၏ နိုင်ငံရေး သိက္ခာဆယ်ရေး စံနှုန်းများ ဖြင့် သတ်မှတ်ထားသော တွေ့ဆုံ ဆွေးနွေးရေးပင်။

လိုအပ်သော အတိုင်းအတာအရ သောင်းကျန်းသူများကို ရှင်းလင်းဖယ်ရှားရာတွင်လည်း လူမျိုးပြုန်းတီးရေး စစ်ပွဲကို တိုက်ခိုက်နေသည်ဟူ၍ လည်းကောင်း၊ ကရင်တိုင်းရင်းသားများ ဒေသကိုစွန့်လွှတ်ပြီး ထွက်ပြေးနေရသည်ဟူ၍လည်းကောင်း၊ ကရင်တိုင်းရင်းသားဒုက္ခသည် သောင်းချီနေပြီဟူ၍လည်းကောင်း၊ အင်အားကြီးနိုင်ငံအချို့အပါအဝင် တိုင်းပြေးပြည်ပြေး၊ ဝရမ်းပြေးအကြမ်းဖက်အုပ်စုများ၊ လက်ကျန် လက်နက်ကိုင်သောင်းကျန်းသူများနှင့် လွှတ်တော်အမတ်ဆိုသူ လက်တစ်ဆုပ်စာ နိုင်ငံတကာသူလျှိုအဖွဲ့၏ သြဇာခံ နိုင်ငံရေးသမားများက ပြည်ပအသံလွှင့်ဌာနများမှတစ်ဆင့် ပုံကြီးချဲ့ဝါဒဖြန့် ထုတ်လွှင့်လျက်ရှိသည်။

ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အနောက်ရွှေဂုံတိုင်ရုံးသို့ အနောက်အုပ်စုအင်အားကြီးနိုင်ငံအချို့မှ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ သံရုံးအဖွဲ့ဝင်များကလည်း နေ့စဉ်မပြတ် ဝင်ထွက်သွားလာပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းကြ၊ စာပေးစာယူပြုကြ စသည်တို့မှာလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဖြောင်ကျကျ သိက္ခာမဲ့စွာ ပါဝင်စွက်ဖက်လျက်ရှိကြသည်။ ဤသည်မှာ မြန်မာနိုင်ငံအား ယင်းတို့၏ သြဇာခံနိုင်ငံတစ်နိုင်ငံအဖြစ် သိမ်းသွင်းရေးနှင့် ယင်းတို့အလိုကျ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရအဖွဲ့တင်ရေးမှတစ်ပါး အခြားမဖြစ်နိုင်ပေ။

အလားတူပင် ရှစ်ဆယ့်ရှစ် မျိုးဆက်ဆိုသူများကလည်း ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ဒီမိုကရေစီအရေးတော်ပုံကြီးပမာ တဖွဲ့တနွဲ့လွမ်းပြပြီး တပ်မတော်ကပင် ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖျက်ဆီးလိုက်သကဲ့သို့ စွပ်စွဲတိုက်ခိုက်လာခြင်း၊ ပြည်ပရှိ တိုင်းပြေး ပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်အုပ်စုများနှင့် အပြန်အလှန် ဆက်သွယ်လာကြခြင်း၊ ဒီမိုကရေစီ ဖြစ်ထွန်းလာရေး အတွက် ပြည်သူနှင့် ကျောင်းသားများ၊ တပ်မတော်သားများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက စည်းရုံးကြိုးပမ်းကြရမည်ဟု လှုံ့ဆော်စည်းရုံး လာခြင်းတို့ဖြင့် ပြည်သူလူထု၏ ဆူပူအုံကြွမှု ဖြစ်ပေါ်လာစေရန် လမ်းကြောင်းပေးလျက်ရှိသည်။

ယင်းနှင့်အတူ တက္ကသိုလ်ကျောင်းသားအချို့က ကျောင်းကားခကြီးမြင့်လာမှုနှင့်ပတ်သက်ပြီး မကျေမလည်ဖြစ်သော ပြဿနာအား ပုံကြီးချဲ့ ဝါဒဖြန့်လှုံ့ဆော်ခြင်း၊ ဝန်ထမ်းများ လစာတိုးမြှင့်ပေးသည့် အခြေအနေကို အကြောင်းပြုပြီး ဝန်ထမ်းအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်ကိုလည်းကောင်း၊ ဝန်ထမ်းနှင့် ပြည်သူလူထုအတွင်း အချင်းချင်း ညီညွတ်ရေးပျက်ပြားစေရန်ကိုလည်းကောင်း၊ ပြည်ပရှိ နိုင်ငံတကာ သူလျှိုအဖွဲ့အစည်း၏ ကြေးစားသြဇာခံ ပညာရှင်များနှင့် ပြည်ပအသံလွှင့်ဌာနတို့က လက်ဝါးချင်းရိုက်ပြီး တွေ့ဆုံခန်းများဖြင့် သပ်လျှိုသွေးခွဲ လှုံ့ဆော်ထုတ်လွှင့်လျက်ရှိသည်။

ဤသို့အားဖြင့် အထက်ဖော်ပြပါ အခြေအနေအရပ်ရပ်ကို ခြုံငုံလေ့လာ သုံးသပ်ပါက ပြည်ပအင်အားကြီး နိုင်ငံအချို့နှင့်အတူ ပြည်ပရှိ နိုင်ငံတကာ သူလျှိုအဖွဲ့၏သြဇာခံ NGO အမည်ခံအဖွဲ့အစည်းများ၊ ဗကပ ယူဂျီလက်ကျန်အုပ်စုများ၊ ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှစ်ဆယ့်ရှစ်မျိုးဆက် ဆိုသူများ၊ တိုင်းပြေး ပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်အုပ်စုများ၊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းနေသော လက်ကျန် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်ပအသံလွှင့်ဌာနများ အပါအဝင် နိုင်ငံတကာ သူလျှိုအဖွဲ့အစည်း၏သြဇာခံ ပညာရှင်ဆိုသူများ၏ နိုင်ငံတော်အစိုးရအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲတိုက်ခိုက်နေမှုများ၊ နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ပြဿနာအား နိုင်ငံတကာပြဿနာအဖြစ်သို့ ရောက်စေရန် လုပ်ကြံပုံဖော် စွပ်စွဲတိုက်ခိုက်မှုများ အားလုံးသည် ပုဂ္ဂိုလ်အလိုက်၊ အဖွဲ့အစည်းအလိုက်၊ နေရာဒေသအလိုက် ကွဲပြားဆန့်ကျင်နေသယောင်ရှိသော်လည်း စင်စစ် ယင်းအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏နောက်ကွယ်တွင် ငပွကြီးဟူသော နိုင်ငံတကာ သူလျှိုအဖွဲ့အစည်းကြီး၏ ကွန်ရက်များဖြင့် ဆက်နွယ်လှုပ်ရှားနေကြရသော ရုပ်သေးရုပ်များပင်ဖြစ်သည်။

ထို့ကြောင့်ပင် မျက်မှောက်မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မလွဲမသွေ ဖြစ်ထွန်းလာစေရန်အတွက် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းဟူသမျှ အမျိုးသားရေး အန္တရာယ်အဖြစ် တစ်နိုင်ငံလုံး၏ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အမျိုးသား ညီညွတ်ရေးအင်အားဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ချေမှုန်းကြဟူ၍ အလေးအနက် ဆန္ဒပြုအပ်ပါသည်။ ။

လေးစားဂုဏ်ပြုအပ်ပါ၏

❊ သပ်လျှိုသွေးခွဲ၊ မျက်စိထဲသို့
သဲတွေပက်သွင်း၊ ပြုလုပ်ခြင်းကြောင့်
မရှင်းအမြင်၊ မကြည်လင်ကာ
ဆွေညာနှင့်ခွဲ၊ တောတောင်ထဲတွင်
ကျင်လည်ကျက်စား၊ ရှိခဲ့ငြားလည်း
ကြားသမျှကို ဆင်ခြင်၊ မြင်သမျှကို သေချာရှု
အပြုအဖျက်၊ ချင့်တွက်ဝေဖန်
အမှန်က ဘယ်သူ၊ ဘယ်သူဟာ အလွဲ
သဲကွဲစိတ်မှာ၊ ရှင်းသောခါ၌
ခွဲခွာကွေကွင်း၊ ညီနောင်ရင်းတွေ
လက်တွဲချေပေါ့၊ စိတ်တွေပေါ့ပါး
မြင်ကြားရသူ၊ မျိုးတူမြန်မာ
ဆွေညာအားလုံး ပီတိဖုံး
ရွှင်အားရ၍ ပျော်မဆုံး။

❊ ဘေးပြောစကား၊ မယုံစားဘဲ
သွေးသားသည်သာ၊ စေတနာသန်
မေတ္တာမှန်ကြောင်း၊ ကောင်းကောင်းသိမြင်
မိန်းဆင်ဦးဆောင်၊ ဥပဒေဘောင်တွင်း
စိတ်ရှင်းရှင်းဖြင့်၊ လက်ငင်းဝင်လာ
မြန်မာပြည်ဖွား၊ ညီနောင်များကို
လေးစားဂုဏ်ပြုအပ်ပါ၏။ ။

ပိုးဝ

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်အောင်မြင် လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း မိုင်းလားမြို့၌ ပထမဆုံးဖွင့်လှစ်ပေး

ရန်ကုန် ဇူလိုင် ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစံဖေ့တို့က သင်တန်းကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က သင်တန်းကျောင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ သင်တန်းဖွင့်ပွဲ အခမ်းအနားကို သင်တန်းခန်းမ၌ ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)အနေဖြင့် ဘိန်းပပျောက်သည့် ဒေသအဖြစ် ပထမဆုံး ကမ္ဘာသို့ကြေညာနိုင်ခဲ့သည့် ဒေသဖြစ်ကြောင်း၊ ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်အား ပထမဆုံးဖွင့်လှစ်ခဲ့သည့် ဒေသလည်းဖြစ်ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ နယ်စပ်ဒေသအသီးသီးတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအခါ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို မိုင်းလားမြို့၌ ပထမဆုံးဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားများအား စက်မှုလက်မှုပညာရပ်များ တတ်မြောက်အောင် သင်ကြားပေးရန်နှင့် သင်တန်းသားများအနေဖြင့် ပညာရပ်များကို ကျွမ်းကျင်အောင် ကြိုးစားသင်ယူ၍ မိမိဒေသ ဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားသည်။

သင်ကြားလေ့ကျင့်နေမှု

ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းကျောင်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ဦးမင်းအိမ်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသား ခေါင်းဆောင် ဦးစိုင်းလင်းတို့အား သင်တန်းကျောင်း ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

သင်တန်းကျောင်းတွင် သင်တန်းအမျိုးအစား သုံးမျိုးသင်ကြားပေးလျက်ရှိပြီး အခြေခံအဆောက်အအုံသင်တန်းသို့ သင်တန်းသား ၁၂ ဦး၊ လျှပ်စစ်နှင့်ဂဟေသင်တန်းသို့ သင်တန်းသား ၁၃ ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား ၁၃ ဦး စုစုပေါင်း သင်တန်းသား ၃၈ ဦး တက်ရောက်လျက်ရှိသည်။ သင်တန်းတက်ရောက်သည့် ကုန်ကျစရိတ်အားလုံး အခမဲ့ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ (၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါရိပ်သာ သီရိရတနာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင်ပြီး ဗဟန်းမြို့နယ် ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်သြဝါဒ စရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏဆရာတော်ကြီးထံမှ ကိုးပါး သီလခံယူဆောက်တည်၍ ကြွရောက်လာသော ဆရာတော် သံဃာတော်များ ထံမှ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်က (၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။ ထို့နောက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အဘိုး အဘွားများ၊ ဝန်ထမ်းများနှင့် စေတနာရှင်များက ဆက်ကပ် လှူဒါန်းပြီး **(အောက်ပုံ)** အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းသည်။

အခမ်းအနားသို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အဘိုး အဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ စေတနာရှင်များက ကျောင်းတိုက် ၁၃ တိုက်မှ ဆရာတော် သံဃာတော် ၁၃ ပါးတို့အား ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၇ မှ

ဝိုင်းဝန်းထိန်းသိမ်း

ယခုကဲ့သို့ တိုင်းလုံးကျွတ်အောင်ပွဲ ကျင်းပနိုင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များကိုလည်း ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် ပံ့ပိုးကူညီလှူဒါန်းကြသည့် စေတနာရှင် အလှူရှင်များကိုလည်း ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ ဗဟုသုတပွားများရရှိရေး အတွက် ထူထောင်ဖွင့်လှစ်နိုင်ခြင်း အတွက် စစ်ကိုင်းတိုင်း၏ ထူးခြားသော ဝိသေသတစ်ခုရရှိနိုင်ခဲ့ပြီဖြစ်ပြီး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေများ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုနှင့် ကက်ဆက်များ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာအုပ်၊ မဂ္ဂဇင်းများနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၁၅၁၃၀၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၅၆၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်က ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို၊ ကက်ဆက်များ၊ ဟွန်ဒါ မြန်မာ ကုမ္ပဏီ ဦးတင်မောင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့နေ ဒေါက်တာ သာရင်မြတ်နှင့် ဇနီး ဒေါ်နွယ်နွယ်အေးမိသားစုက ငွေကျပ် ၁၀သိန်း၊ မြန်မာအိုင်ဗင်ဟိုကြေးနီ ကုမ္ပဏီမှ ဦးထိန်ဝင်းက FEC ၃၀၀ နှင့် ရန်ကုန်မြို့ Forever Groupမှ CEO ဦးဝင်းမော်က ငွေကျပ်သုံးသိန်းကိုလည်းကောင်း တိုင်းမှူး ဗိုလ်ချုပ်သာအေးအား ပေးအပ်လှူဒါန်းကြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၅၇ ကုသိန္နာရုံလမ်း ပုသိမ်မြို့နေ ဖခင်ကြီး ဦးသန်းလွင် (၈၂)နှစ်ပြည့် မွေးနေ့အလှူအတွက် ငွေကျပ်တစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တိုင်းမှူး ဗိုလ်ချုပ်သာအေးက လှူဒါန်းငွေ သိန်း ၅၀ နှင့် ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို၊ ကက်ဆက်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက ငွေကျပ် ၁၀ သိန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က ငွေကျပ်တစ်သိန်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ငွေကျပ်တစ်သိန်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်က ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယို၊ ကက်ဆက်များ၊ မိုးကြယ်အုပ်စုကုမ္ပဏီမှ ဦးဖြိုးဝေကျော်က ငွေကျပ် ငါးသိန်း၊ သန်မြန်သူကုမ္ပဏီမှ ဦးအောင်ကျော်ဦးက ငွေကျပ်ငါးသိန်းနှင့် ချင်းတွင်း နေကြာစောင်စက် ဦးသောင်းက ငွေကျပ် တစ်သိန်းကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ငွေကျပ် တစ်သိန်း၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယို၊ ကက်ဆက်များ၊ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့က ငွေကျပ် ၁၂၇၅၀၀၊ ရွှေအုပ်စုကုမ္ပဏီ ဦးသန်းထွန်းက ငွေကျပ်ငါးသိန်း၊ တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်လင်းက ငွေကျပ်ငါးသိန်း၊ မုံရွာမြို့ ကုန်စည်ဒိုင်က ငွေကျပ်ငါးသိန်းကို ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်အား ပညာရေးဝန်ကြီးဌာနကိုယ်စား မုံရွာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက စာအုပ်စာစောင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ ကိုယ်စား တိုင်းဆက်သွယ်ရေးမန်နေဂျာ ဦးခင်မောင်ဝင်းက စာအုပ် စာစောင်များ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးမိုးမြင့်အေးက ငွေကျပ် ၉၃၂၅၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၉၁ အုပ်၊ မုံရွာမြို့ ဦးတင်ဝင်းမြင့်နှင့် ဇနီး ဒေါ်အေးအေးသန်း (ရွှေဝင်္ကဘာ ကုမ္ပဏီ)က ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ မုံရွာမြို့ ဆုတောင်းပြည့် ဘုရားကြီး ပိဋကတ်စာကြည့်တိုက် ဥက္ကဋ္ဌ ဦးကိုလေးက ငွေကျပ် ၅၉၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၅၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင် တမူးခရိုင်၊ ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား လှူဒါန်းရရှိသည့် ရုပ်မြင်သံကြားဖမ်းစက်များ ရေဒီယိုကက်စက်များ စာအုပ်စာစောင်များကို ခရိုင်အလိုက် အသီးသီး လွှဲပြောင်းပေးအပ်ကြသည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြို့တော်ခန်းမ အဝင်ဝ၌ ခင်းကျင်းပြသထားသော စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလှူဒါန်းပွဲတွင်ငွေသားအလှူရှင် ၅၆ ဦးက ငွေကျပ် ၁၇၄၅၄၂၀၀ ငွေကျပ် ၉၅၂၈၀၀၀ တန်ဖိုးရှိ ၂၁ လက်မ တီဗွီ ၄၂ လုံး၊ ငွေကျပ် ၁၂၄၀၀၀၀ တန်ဖိုးရှိ ရေဒီယိုကက်ဆက် ၄၈ လုံး၊ စာအုပ်အလှူရှင် ၇၆ ဦးက လှူဒါန်းသော စာအုပ်စာစောင် ၄၂၄၈ အုပ်၏ တန်ဖိုးငွေကျပ် ၂၁၂၄၀၀၀ အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၃၄၆၂၀၀နှင့် FEC-၃၀၀ ရရှိကြောင်း သိရသည်။

(သတင်းစဉ်)

ချမ်းမြေ့ရိပ်သာကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့ ကမ္ဘာအေးစေတီ လမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက် တွင် ပုရိမ ဝါဆိုဝါကပ်တော်မူကြမည့် ချမ်းမြေ့ရိပ်သာဆရာတော်နှင့် ရိပ်သာ အတွင်းရှိ သံဃာများ၊ ပင့်သံဃာအပါး ၁၅၀တို့အား (၁၃၆၈ခုနှစ် ဝါဆို လပြည့်ကျော် ၇ ရက်) ဇူလိုင် ၁၆ ရက် (တနင်္ဂနွေနေ့)တွင် ဝေယျာဝစ္စအဖွဲ့က ဦးဆောင်ကာ အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ကျင်းပမည်ဖြစ်သည်။ သင်္ကန်းအလှူရှင်များ အနေဖြင့် နံနက် ၈ နာရီမှစ၍ ဝါဆိုသင်္ကန်းများကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**



ရတနာဉာဏ်ရောင် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၉

ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်း ဆရာတော် ပဓာနနာယက ဘဒ္ဒန္တတေဇဝန္တ(U.S.A)နှင့် ဘဒ္ဒန္တကုန္ဒဝံသ (စာကလေးအင်း)တို့၏ သြဝါဒကိုခံယူကာ ဝါတွင်းတရားစခန်းပွဲများကို သြဂုတ် ၈ရက်မှ ၁၇ရက်အထိ စက်တင်ဘာ ၆ရက်မှ ၁၅ရက်အထိ၊ စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း-၅၄၃၃၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အိမ်ရှင်ဂျာမနီအသင်း တတိယဆု တတိယအကြိမ်ဆွတ်ခူး ပေါ်တူဂီရှုံးသော်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်

တင်ပြသူ မြင့်မောင်စိုး

စတုဂတ် ဇူလိုင် ၉

၂၀၀၆ ကမ္ဘာ့ဖလား တတိယနေရာလုပွဲကို ဇူလိုင် ၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဂျာမနီအသင်းက ပေါ်တူဂီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး တတိယ ကြေးတံဆိပ်ဆွတ်ခူးသွားသည်။

ဂျာမနီကစားသမား ရှဝိန်းစတိုင်ဂါက အဝေးမှ လှမ်းကန်သောဂိုးနှစ်ဂိုးဖြင့် ဂျာမနီတို့ တတိယဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အမှတ်မထင်

ဂျာမနီ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါသည် ပွဲချိန် ၅၆မိနစ်တွင် ဘယ်တောင်ပံမှ ဆွဲပြေးသွားပြီး ပေါ်တူဂီ ဂိုးဇရိယာနှင့် မလှမ်းမကမ်းမှ အမှတ်မထင် ကန်သွင်းယူလိုက်ရာ ပေါ်တူဂီဂိုးသမား ရီကာဒိုခေါင်းပေါ်မှကျော်၍ ဝင်သွားသည်။

ဖိကစားနိုင်

ယင်းနောက် ဂျာမနီအသင်းသည် ပေါ်တူဂီအသင်းကို ပြန်၍ ဦးဆောင်ကစားနိုင်ခဲ့သည်။ ထိုဂိုးမသွင်းမီ ကွေ့ဝိုက်ပြီး ဂိုးဝင်သွားပြန်သည်။ ပေါ်တူဂီ ဂိုးသမား ရီကာဒို ၎င်းဘောလုံးကို လက်ဖြင့်လှမ်းပုတ်သော်လည်း လွဲသွားသည်။

ပေါ်တူဂီကစားသမား ပေါ်လက်တာကန်သွင်းလိုက်သည့် ဘောလုံးကို ဂိုးသမား အိုလီဗာခန်း ဤသို့ ကာကွယ်နိုင်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ချေပဂိုး

ပွဲပြီးခါနီးတွင် ဖီဂိုဝင်လာပြီး မကြာမီမှာပင် ၎င်းက ညာတောင်ပံမှ အနေတော် ခုတ်တင်ပေးလိုက်သော ဘောလုံးကို ဂိုမက်ဇ် ခေါင်းတိုက်၍ လုလုပပ ချေပဂိုးသွင်းလိုက်သည်။

မသွင်းနိုင်

ပထမပိုင်းတွင် ဂျပန်ဒိုင်လူကြီး ကာမီကာဝါသည် ပေါ်တူဂီအသင်း ဂိုးရှေ့၌အလွတ်တည်ကန်ဘော အများဆုံးပေးခဲ့သည်။ သို့သော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ပေ။

ထိုနေ့က ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် အရန်ခုံ၌သာ အချိန်ကုန်ခဲ့သည်။ ပါဝင်ကစားမှုမရှိချေ။ ယင်းပွဲစဉ်အလိုက်

ဂျာမနီ အောင်ပွဲခံ

ပွဲအပြီး ဂျာမနီအသင်းကစားသမားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီအသင်းက ဘောလုံးပိုင်ဆိုင်မှု အများဆုံးဖြင့် ဖိကစားနိုင်ခဲ့သည်။

ဦးဆောင်

ပွဲချိန် ၆၁မိနစ်တွင် ဂျာမနီအသင်း ဖိကစားနိုင်ခဲ့ရာ ပေါ်တူဂီဂိုးရှေ့ဝဲအစွန်တွင် အလွတ်တည်ကန်ဘောရသည်။ ယင်းတည်ကန်ဘောကို ရှဝိန်းစတိုင်ဂါကပင်ကန်သွင်းလိုက်ရာ ဘောလုံးမှာ အရှိန်ဖြင့် အားပါပြီး ပေါ်တူဂီနောက်တန်းလူ ပီတစ်နှင့်ထိပြီး ကိုယ့်ဂိုး ကိုယ်ပြန်သွင်းသလို ဖြစ်သွား၍ ဂျာမနီတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်ပြန်သည်။

ရှဝိန်းစတိုင်ဂါသည် ၂၅ ကိုက်အကွာမှ အမှတ်မထင် လှမ်းကန်ရာ ဘောလုံးမှာ လမ်းကြောင်းပြောင်းပြီး

ပါဝင်ကစား

ဂျာမနီဂိုးသမားကြီး အိုလီဗာခန်းသည် ၈၆ ပွဲမြောက်အဖြစ် ပါဝင်ကစားခဲ့သည်။ ထိုအတောအတွင်း ဖီဂိုသည် နည်းပြ စကိုလာရီနှင့် အဆင်မပြေဖြစ်ခဲ့သည်ဟု ပွဲမစမီ ကောလာဟလများ ဖြစ်နေခဲ့သည်။ ဖီဂိုသည် အရန်ခုံ၌ထိုင်နေခဲ့ရာ ပွဲချိန် ၇၇ မိနစ်တွင် ပါဝင်ကစားခဲ့သည်။

ခြေစွမ်းပြ

ဂျာမနီအသင်းသည် ပွဲစသည်နှင့် အနီးကပ် ကန်ခွင့်များရခဲ့သည်။ ပေါ်တူဂီအသင်းသည် အင်္ဂလန်၊ ပြင်သစ်တို့နှင့် ကစားခဲ့သည့်ပွဲထက် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့သည်။

အကောင်းဆုံးဆုကို ရှဝိန်းစတိုင်ဂါက ဆွတ်ခူးရရှိခဲ့သည်။

တတိယအကြိမ်

ဂျာမနီအသင်းသည် ယခုတတိယဆု ဆွတ်ခူးနိုင်ခြင်းသည် တတိယအကြိမ်ဖြစ်သည်။ ဘရာဇီး၊ ပြင်သစ်၊ ပိုလန်တို့သည် တတိယဆုကို နှစ်ကြိမ်သာ ဆွတ်ခူးခဲ့ဖူးသည်။

ရှဝိန်းစတိုင်ဂါသည် နိုင်ငံတကာပြိုင်ပွဲတွင် တစ်ပွဲတည်း၌ နှစ်ဂိုးသွင်းနိုင်ခဲ့သဖြင့် ၁၅ဂိုး သွင်းသူဖြစ်လာသည်။ ပီတစ်သည် ကမ္ဘာ့ဖလားတွင် ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသူ စတုတ္ထမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်သွားသည်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားဘောလုံးပွဲ၏ နောက်ဆုံးသတင်းများ

ဘာလင် ဇူလိုင် ၉

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများနှင့် ပတ်သက်သည့် နောက်ဆုံးရရှိသည့်သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

လက်ရွေးစင်အသင်းမှ အနားယူမည့် ပေါ်တူဂီအသင်းခေါင်းဆောင် လူးဝစ်ဖီဂို။

ကလင်းစမန်းနည်းပြအဖြစ် ဆက်နေဖွယ်ရှိ

ဂျာမနီအသင်း တတိယနေရာလုပွဲတွင် ပေါ်တူဂီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဂျာမနီနည်းပြ ကလင်းစမန်းအနေဖြင့် အသင်းတွင် နည်းပြအဖြစ် ဆက်နေဖွယ်ရှိကြောင်း သိရသည်။

ဂျာမနီအသင်းကို လူငယ်များဖြင့်ဖွဲ့စည်းပြီး ကမ္ဘာ့ဖလားရရှိအောင် ကြိုးစားခဲ့ကြောင်း၊ မိမိ ရည်မှန်းချက်မပြည့်ခဲ့ကြောင်း၊ သို့သော် တတိယနေရာကို ရအောင်ယူပေးနိုင်ခဲ့ကြောင်း ကလင်းစမန်းက ပြောကြားသည်။

ဂျာမနီဘောလုံးအသင်း နည်းပြအဖြစ် ဆက်လက်တာဝန်ယူရန် တာဝန်ရှိသူများနှင့် ပရိသတ်များ၏ တောင်းဆိုမှုများကို မိမိစဉ်းစားနေကြောင်း ကလင်းစမန်းက ပြောကြားသည်။ ကလင်းစမန်း နည်းပြတာဝန် ဆက်လက်ယူရန် ဂျာမနီတစ်နိုင်ငံလုံးကလည်း လိုလားလျက်ရှိသည်။

ဖီဂို နိုင်ငံတကာဘောလုံးသမားအဖြစ်မှ နားမည်

ကမ္ဘာ့ဖလားတတိယနေရာလုပွဲတွင် အိမ်ရှင်ဂျာမနီကို သုံးဂိုး-တစ်ဂိုးဖြင့် အရှုံးကြီးရှုံးခဲ့သော ပေါ်တူဂီအသင်း၏ ကပ္ပတိန် ဖီဂိုသည် နိုင်ငံတကာ ဘောလုံးသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပေါ်တူဂီနိုင်ငံ လက်ရွေးစင်အသင်းမှ မိမိနုတ်ထွက်တော့မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အသက်အရွယ်ရလာပြီဖြစ်ရာ စွမ်းရည်ကျဆင်းနေပြီဖြစ်ကြောင်း၊ လူငယ်များကို နေရာပေးရမည်ဖြစ်ကြောင်း ဖီဂိုက ပြောကြားလိုက်သည်။ ဖီဂိုသည် ယခုအခါ အသက် ၃၃နှစ်ရှိပြီ ဖြစ်သည်။

ပေါ်လက်တာ ပေါ်တူဂီအသင်းမှနုတ်ထွက်မည်

ပေါ်တူဂီအသင်းမှ မိမိ နုတ်ထွက်တော့မည်ဖြစ်ကြောင်း၊ မိမိသည် ပေါ်တူဂီအသင်းအတွက် စွမ်းဆောင်မှု အပြည့်မပေးနိုင်တော့ကြောင်း ပေါ်လက်တာက ပြောကြားလိုက်သည်။

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

အသက် ၃၃နှစ် အရွယ်ရှိပြီဖြစ်သော ပေါ်လက်တာသည် ပေါ်တူဂီအသင်းနှင့်အတူ နိုင်ငံတကာ ပွဲပေါင်း ၈၇ပွဲ ကစားခဲ့ပြီး ၄၇ဂိုးသွင်းခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ပေါ်လက်တာသည် ပေါ်တူဂီအသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်ကြောင်း မိမိ အသိအမှတ်ပြုကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားသည်။

ဂျာမနီပရိသတ်များ အပြည့်အဝမပျော်နိုင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ တတိယနေရာ ရရှိခဲ့သော ဂျာမနီအသင်းကို ပြည်သူတို့ အားပေးခဲ့ကြသော်လည်း ပြည့်ပြည့်ဝဝ မပျော်နိုင်ခဲ့ကြကြောင်း မီဒီယာများက ဖော်ပြသည်။

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလား ရရှိနိုင်သော ခြေစွမ်းရှိကြောင်း၊ ကံမကောင်း၍ အနိုင်မရခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားသည် ဂျာမနီတို့ ရသင့်သော်လည်း မရနိုင်တော့ကြောင်း၊ တတိယနေရာ ရရှိခြင်းသည် အောင်မြင်မှုတစ်ရပ်ဖြစ်သော်လည်း ချန်ပီယံသာဖြစ်ချင်ကြောင်း ဂျာမနီပရိသတ်များက ပြောကြားကြောင်း ဂျာမနီနိုင်ငံထုတ် မီဒီယာများ၌ ဖော်ပြထားသည်။

ဂျာမနီနည်းပြ ကလင်းစမန်း နည်းပြအဖြစ် အသင်းတွင် ဆက်နေဖွယ်ရှိ။

ကမ္ဘာ့ဖလား၌ဒိုင်လူကြီးတာဝန်ယူမှုအားနည်းကြောင်း ဖီဖာဥက္ကဋ္ဌ ပြောကြား

၂၀၀၆ ကမ္ဘာ့ဖလားသည် စိတ်လှုပ်ရှားဖွယ်ကောင်းသော ပွဲစဉ်များဖြင့်သာ လွှမ်းမိုးခဲ့ကြောင်း၊ သို့သော်လည်း ဖီဖာဒိုင်လူကြီးများသည် သာမန်ပြစ်ဒဏ်ချမှတ်မှု ပိုများခဲ့ကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်း၌ ဒိုင်လူကြီးများ၏ဆောင်ရွက်မှု အညံ့ဖျင်းဆုံးဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားလိုက်သည်။ ။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၇-၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၀၀ ၇။ အတီးပြိုင်ပွဲ

၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၀ ၉။ ဖြူးချောင်းတံတား

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Grammar made Easy

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ အရေးပြိုင်ပွဲ

၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]

၁၆:၅၅ ၅။ အကပဒေသာ

၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား

၁၇:၂၅ ၇။ မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ

၁၇:၃၅ ၈။ **"အနိုင်အရှုံး"** ပိုစီ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)

၁၇:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၁၇:၅၀ ၁၀။ ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းခူးပွဲ

၁၈:၀၀ ၁၁။ ညနေခင်းသတင်း

၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၃။ ၂၀၀၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရုပ်မြင်သံကြား ဘဏ်စမ်းပဟေဠိပြိုင်ပွဲ

၁၉:၀၅ ၁၄။ ကြီးပွားတိုးတက်စေရာ အကျိုးတူပူးပေါင်းဆောင်ရွက်ပါ

၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၇)

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
"လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်"

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏(၁)ရက်နေ့မှ(၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ငွေတောင်းခံလွှာများပြုလုပ်ပါမည်။
၃။ လ၏(၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ် စာရေးများက ကျသင့်ငွေ တောင်းခံလွှာများအား ထပ်မံလာရောက်ဝေငှပါမည်။
၄။ လ၏(၁၆)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများက မိမိတို့ ပေးဆောင်ရမည့် ကျသင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက်လာရောက်ပေးဆောင်ရပါမည်။
၅။ လ၏(၂၆)ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။
၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက လ၏(၁)ရက်မှ(၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်မှ(၁၅)ရက်အတွင်း ငွေတောင်းခံလွှာများလာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လသုံးစွဲသော မီတာအား ဩဂုတ်လ(၁)ရက်နေ့တွင် စတင်ဖတ်ခြင်းမှပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ်အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
(ဦးဘမော်၊ မန်နေဂျာ၊ ငြိမ်း၊ရပကရ)–ဒေါ်အုန်းကျင်တို့၏သား
မောင်မိုးကျော်သူ M.Sc, Q. Part II(Physics)
သစ်တောဦးစီးဌာန
နှင့်
ရန်ကုန်မြို့နေ
ဦးသိန်းဇံ(ကျောင်းဆရာ၊ငြိမ်း)–ဒေါ်ခင်အေးကြည်(လ/ထညွှန်မှူး၊ငြိမ်း)
[စာရေးဆရာမဒေါ်ခင်ခင်]တို့၏သမီး
မရွှေဝတ်မှုံဇံ B.Sc(Botany)
သစ်တောဦးစီးဌာန

တို့ကို မိဘတို့ဝတ္တရားရှိသည့်အတိုင်း ၉–၇–၂၀၀၆ရက်တွင် ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါကြောင်း။

မောင်မိုးကျော်သူ–မရွှေဝတ်မှုံဇံ။

မိုးကောင်းစေတီတော်အတွက်ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၉

ရန်ကင်းမြို့နယ်မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးအား ၉"x၉" ပတ်လည် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်းနှင့် သာသနိက အဆောက်အအုံများကို ဘက်စုံပြုပြင်လျက်ရှိရာ ဒုရဲမှူးကြီး စိုးအေးထွန်းကျော်–ဒေါ်သီသီမွန်(အထပြ)၊သမီး ဒေါ်ကေသီထွန်း(မန်နေဂျာ–စက်မှု–၁)၊ ဒေါ်ခိုင်မီမီထွန်း (လ/ထညွှန်မှူး၊ ဟိုတယ်/ခရီး)၊ ဒေါ်နေခြည်မင်း(လ/ထ အင်ဂျင်နီယာ၊ လေကြောင်းဦးစီး) အမှတ် ၁၅၅ ရဲဌာနလမ်း ရွှေလက်လှရပ် ပြည်မြို့ အလှူငွေကျပ် ၅၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး ဦးခင်ဇော်–ဒေါ်နီနီမြင့် မိသားစု အမှတ် ၉၂/၆ ကျွန်းတောလမ်း စမ်းချောင်းမြို့နယ် အလှူတော်ငွေကျပ် ၇၅၆၀၀၊ ဦးမျိုးအောင်–ဒေါ်ရွှေဇင်မိသားစုအမှတ်၁၇/စီ သာယာဝတီလမ်း ဗဟန်းက အလှူငွေကျပ် ၇၅၆၀၀၊ ဦးအောင်သိန်းထွန်း–ဒေါ်ခင်ခင်စော၊ သားသန့်ဇင်ထွန်း တိုက် ၂၄ အခန်း ၂၃ သုဇိတာလမ်း လှိုင်မြင့်မိုရ်အိမ်ရာ လှိုင်မြို့နယ် အလှူတော်ငွေ ကျပ် ၇၅၆၀၀၊ နှစ်ဖက်မိဘများနှင့် ဦးခင်ရှိန်အား ရည်စူး၍ ဒေါ်စုစု အမှတ် ၃၉ ပြည်လမ်း အနောက်ဘက် ဒဂုံမြို့နယ် အလှူငွေ ကျပ် ၅၀၀၀၀၊ ရွှေသင်္ကန်းအလှူရှင် ဦးရဲထွဋ်ဝင်း–ဒေါ်သီဂီမင်း မိသားစု အမှတ် ၁၀(စီ) မြရတနာလမ်း ၁၆ရပ်ကွက် ရန်ကင်း အလှူငွေကျပ် ၂၅၅၀၀၊ ဦးမင်းမင်းလှိုင်–ဒေါ်သက်တင်ဦး သမီး ခင်ထက်ထက်မင်းမင်း အမှတ်(၁)M.P.Eအရာရှိရိပ်သာ အင်းစိန် အလှူတော်ငွေကျပ် ၁၆၈၀၀ ကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရဦးသန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ လာရောက်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

အမည်ပြောင်းခြင်း

ကယားပြည်နယ်၊လွိုင်ကော်မြို့၊ ရှမ်း/၄၁၊ လောပိတလမ်းနေ ဦးအောင်သန်း–ဒေါ်ခင်သန်းမြင့်တို့၏သမီး မအိအိအားမနှင်းနှင်းအေးဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းနှင်းအေး။

မော်တော်ယာဉ်မသုံးစွဲရနေ့ ကြပ်မတ်စစ်ဆေး

ရန်ကုန် ဇူလိုင် ၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ မင်္ဂလာဒုံတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းနောင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများသည် အဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့ဝင်များသည် နံနက်၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့စည်းကမ်းများဖြစ်သည့် သက်ဆိုင်ရာတပ်ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)၊ ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုတို့ကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် (မထသ)၏ အကြိမ်(၃၀)မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် သတ္တမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(ရုံးချုပ်)ခန်းမတွင် ဇူလိုင်၉ရက်က ပြုလုပ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်ကိုယ်စား တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၂၉)

ဇူလိုင် ၉ရက်က ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ရွဲလမ်း အမှတ် ၁၅၆နေ အလှူရှင် ဦးအောင်လင်း(ခ)ဦးကောင်း ဇနီး ဒေါ်ခင်ခင်(ရွှေမြိုင်စတိုး)မိသားစုက ရွှေတိဂုံစေတီတော်သို့ ရွှေစင်ရွှေပြား သုံးကျပ်သားတစ်ချပ်၊ ၃၄လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးနှင့် ပန်းအိုးစင်နှစ်လုံး၊ သာသနာ့ရိပ်သာသုံးခုသို့ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှူခံဌာန တာဝန်ခံ ဦးခင်မောင်ကြည်ထံ အလှူရှင်မိသားစုက ရွှေစင်ရွှေပြား သုံးကျပ်သားတစ်ချပ်ကို ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇူလိုင် ၇ရက်က တာမွေမြို့နယ် အထက(၅) ပညာရေးမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျောင်းခန်းမတွင်ပြုလုပ်ရာ မြို့ဦး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမုဒထံ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်နှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းတို့က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၉

ဒေးဒရဲ မြို့နယ်အသင်း(ရန်ကုန်) ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ ဒေးဒရဲမြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီးများနှင့် မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော်များအား ဇူလိုင်၁၆ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကြီး၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ အသင်းဝင်မိသားစုများနှင့် အသင်းမဝင်ရသေးသူများ၊ ဒေးဒရဲနယ်ဖွား မြို့နယ်သူ နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဖွယ်ဝတ္ထုငွေများကို ဦးမျိုးလွင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၅၄၄၂၇၃၊ ဦးဇော်လွင် (ခိုင်ရွှေဝါထီဆိုင်) ဖုန်း–၀၉–၈၀–၃၁၇၄၈၊ ၃၈၃၆၃၁၊ ဦးစိုးသိန်း ဖုန်း–၂၄၅၉၂၃၊ ဒေါ်ခင်စောလှ ဖုန်း–၅၀၀၁၆၁ နှင့် မြို့နယ်တာဝန်ခံများတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

၂၀၀၆ခုနှစ် ဇူလိုင်လ ၁၆ရက် (တနင်္ဂနွေနေ့)

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာ ကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန။

တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့၏ (၄၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပရာ ပါရမီလမ်း ဓမ္မသိပ္ပံစာသင်တိုက်ဆရာတော်နှင့် သံဃာတော်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလွင်နှင့် တပ်ဖွဲ့ဝင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

ကမ္ဘာ့လူဦးရေနေ့

သက်အောင်နိုင်
(ကျန်းမာရေးဦးစီးဌာန)

ဇူလိုင် ၁၁ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို ၁၉၉၁ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပါသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ "Young People" **"ကမ္ဘာ့လူ့ဘောင်သာယာရေး၊ ငယ်ရွယ်သူများပျိုးထောင်ပေး"**ဟူ၍ ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ အနာဂတ်ကာလပိုင်ရှင် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တကို ပျိုးထောင်ပေးခြင်းသည် ကမ္ဘာ့လူ့ဘောင်ကို သာယာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရေးပင်ဖြစ်ပါသည်။ ဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ကြမည် ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ (UNFPA) ပူးပေါင်းကာ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ပြုလုပ်ကျင်းပမည် ဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ပါသည်။ လူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ အသိပညာများ တိုးတက်စေရန်နှင့် ယင်းအသိပညာများ ငယ်ရွယ်သူများအတွင်း ပျံ့နှံ့ရောက်ရှိစေရန် ပြုလုပ်သည့် အဆိုပါ ပြိုင်ပွဲများတွင် လူငယ်များ အပါအဝင် အဓိကကျသူအားလုံး ပါဝင်ယှဉ်ပြိုင်ကြပြီး နီးနွယ်ရာ ဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပံ့ပိုးကူညီ လက်တွဲဆောင်ရွက်ခဲ့၏။

ကုလသမဂ္ဂ၏ သတ်မှတ်ချက်အရ အသက်(၁၀)နှစ်မှ(၂၄)နှစ် အတွင်းရှိ လူငယ်များသည် (Young People) ငယ်ရွယ်သူများဖြစ်ပါသည်။ အသက်(၁၀)နှစ်မှ(၁၉)နှစ်အရွယ်ကို ဆယ်ကျော်သက် (Adolescent) ဟုလည်းကောင်း၊ အသက်(၁၅)နှစ်မှ (၂၄)နှစ်ကို လူငယ်လူရွယ် (Youth)ဟုလည်းကောင်း သတ်မှတ်သည်။

ယနေ့ခေတ် လူငယ်လူရွယ်များကား လူ့သမိုင်း၏ အကြီးမားဆုံး မျိုးဆက်သစ်များဖြစ်ကြသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့်အတိုင်း အဓိက အရေးပါကြသည်။ ကမ္ဘာကြီးသာယာလှပရေးအတွက် လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အာရုံစိုက် ပြုလုပ်ကြရမည်ဖြစ်ပါသည်။ လူငယ်လူရွယ်များ၏ စွမ်းရည်အတွေးအခေါ်နှင့် သန္နိဋ္ဌာန်ချမှုများ မှန်ကန်ဖွံ့ဖြိုးတိုးတက်အသက်ဝင်လာသည်နှင့်အမျှ အနာဂတ်လူ့ဘောင်၏ သာယာရေးလမ်းစများ ဖွံ့ထွားထွန်းကားလာမည် ဖြစ်ပါသည်။

အနှစ်သာရပြည့်ဝသော လူငယ်ပျိုးထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာတွင် စုပေါင်းဆောင်ရွက်နေကြပါသည်။

ငယ်ရွယ်သူများနှင့်ပတ်သက်၍ သဘောတူဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များပါဝင်သည့် နိုင်ငံတကာညီလာခံဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ ၁၉၉၄ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (ICPD)က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊

၂။ ၁၉၉၅ခုနှစ် နိုင်ငံတကာ အမျိုးသမီးညီလာခံ၏ ပေကျင်းကြေညာချက်၊

၃။ ၁၉၉၅ခုနှစ်တွင် ကုလသမဂ္ဂက ချမှတ်ခဲ့သည့် လူငယ်များအတွက် သက္ကရာဇ်၂၀၀၀ နောက်ပိုင်းလုပ်ငန်းစဉ်များ၊

၄။ ၂၀၀၀ပြည့်နှစ်တွင် နိုင်ငံတကာ သဘောတူညီမှုနှင့် ကုလသမဂ္ဂက ချမှတ်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊

၅။ ကုလသမဂ္ဂ အထူးအစည်းအဝေးများ၏ ၂၀၀၁ခုနှစ် HIV/AIDS နှင့် ၂၀၀၂ခုနှစ် ကလေးသူငယ် သဘောတူညီချက်များ၊

၆။ ၁၉၉၇ခုနှစ်တွင် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့များ ပူးပေါင်း၍ ဆယ်ကျော်သက်များ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး တိုးတက်လာစေရေးတို့အတွက် အရေးအကြီးဆုံး ပေးဆပ်မှုဖြစ်သည် ဟူသော သဘောတူညီချက်၊

"လူငယ်ကျန်းမာ နိုင်ငံရတနာ" ဆိုသည့်အတိုင်း ကျန်းမာရေးအပါအဝင် အနာဂတ်လူ့ဘောင်သာယာရေးကို ဖန်တီးမည့်သူများက ယနေ့ လူငယ်များဖြစ်ကြ၏။ လူငယ်တို့သည် လိင်မှုကိစ္စနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ မှန်ကန်သော ဆုံးဖြတ်ချက်များအပါအဝင် ပြည့်စုံကောင်းမွန်ပြီး တာဝန်သိတတ်သောဘဝကို ရွေးချယ်လျှောက်လှမ်းကြဖို့ အရေးကြီး၏။ ယနေ့လူငယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝမှသာ နောင်တစ်ချိန်မိဘများဖြစ်လာချိန်တွင် ကျန်းမာရေးနှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာ မျိုးဆက်သစ်များကို မွေးထုတ်နိုင်မည်ဖြစ်ပါသည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုကို ရရှိမည်ဖြစ်ပါသည်။

ယခုအခါ တစ်ကမ္ဘာလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊ MILLENIUM DEVELOPMENT GOALS (MDG)များတွင် ကလေးသူငယ်တိုင်း မူလတန်းပညာသင်ခွင့်ရရှိရေး၊ ကျား–မ သာတူညီမျှရှိရေးနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး၊ ကလေးသေဆုံးနှုန်း လျှော့ချရေး၊ ကိုယ်ဝန်ဆောင်မိခင်၏ ကျန်းမာရေးမြှင့်တင်ရေး၊

HIV/AIDS ၊ ငှက်ဖျားနှင့် အခြားရောဂါများကို တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မာရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ရေး စသည့် လူငယ်များနှင့်သက်ဆိုင်သည့် ရည်မှန်းချက်များ ပါဝင်သည်။

နိုင်ငံတော်၏ ပြုစုပျိုးထောင် အားပေးမှုအောက်တွင် မြန်မာလူငယ်တို့သည် အညွန့်တလူလူဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်။ ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းလိုက်နိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အဆင့်အတန်း မြှင့်တင်ပေးနေသည်။ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း လူငယ်များက ရေတစ်မှုတ်၊ သဲတစ်ဆုပ်၊ အုတ်တစ်ချပ်အသွင် ပါဝင်လှုပ်ရှား၏။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးတို့တွင် လူငယ်များ အားမာန်ပြည့် ပါဝင်လှုပ်ရှားနေ၏။ "တက်လူသာလျှင် မြန်မာပြည်လှ၊ အားသစ်ရ၍ ဇေယျာအောင်လံထူမည်တည်း" ဆိုသကဲ့သို့ ယနေ့မြန်မာလူငယ်၊ မြန်မာတက်လူတို့၏ စွမ်းပကားသည် မြန်မာ့အနာဂတ်အတွက် အဓိကကျသော အင်အားများပင် ဖြစ်ပါသည်။

ယခုအခါကမ္ဘာပေါ်တွင် လူသန်းပေါင်း ၆၅၀၀ ကျော်တို့ မှီတင်းနေထိုင်ကြသည်။

ကုလသမဂ္ဂလူဦးရေဆိုင်ရာ ပညာရှင်တို့က သက္ကရာဇ်၂၀၁၅ခုနှစ်တွင် လူဦးရေသန်းပေါင်း ၇၈၃၀၊ သက္ကရာဇ်၂၀၅၀တွင် လူဦးရေသန်းပေါင်း ၁၁၉၀၀ ရှိမည်ဟု ခန့်မှန်းကြသည်။

၁၉၈၇ခုနှစ် ဇူလိုင်လ ၁၁ရက်နေ့တွင် ကမ္ဘာ့လူဦးရေသန်းပေါင်း ၅၀၀၀ပြည့်ခဲ့သည်။ ၎င်းနေ့ကို DAY OF FIVE BILLION ဟု ခေါ်ခဲ့ပြီး ၎င်းနေ့ အထိမ်းအမှတ်အဖြစ် နှစ်စဉ် ဇူလိုင် ၁၁ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ နှစ်အလိုက် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ယခုချိန်ခါ တို့နေရာ Where we live now? (1996)

ကမ္ဘာတစ်လွှား ကျွန်ုပ်တို့မိသားစုများ Our Families in the world(1997)

လူသားများစွာ တိုးပွားလာ သန်းပေါင်းခြောက်ထောင်ရှိတော့မှာ Up coming day of 6 billion.(1998)

၂၁ ရာစုဒို့အားပြု လူငယ်လူရွယ်ကျန်းမာမှု Decision for 21th Century Choice and Responsibility. (1999)

သန်း၆၀၀၀ပြည့်လူသားနေ့ ရည်ရွယ်ဖြည့်ထား လူ့စွမ်းအား The day of 6 billion.(1999)

အမျိုးသမီးဘဝ ရှင်သန်ရေး၊ ဝိုင်းဝန်းကူညီပံ့ပိုးပေး Saving Women's lives.(2000)

လူဦးရေနှင့် ဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ကို ကောင်းအောင်ပြု Population, Development and Environment. (2001)

လူဦးရေနှင့် ဖွံ့ဖြိုးမှု၊ ဆင်းရဲနွမ်းပါးမှု ဂရုပြု Population, Poverty and Development. (2002).

သန်းတစ်ထောင် ငယ်ရွယ်ကျန်းမာဖို့ ပညာပေးလို့ စောင့်ရှောက်စို့ One Billion adolescents: The right to health, information and services (2003)

ပညာကျန်းမာခွင့်လမ်းသာ၊ ပြည့်စုံလှပ မိန်းကလေးဘဝ စာရင်းအင်းနှင့် ညွှန်းဆိုပြ Statistical Girl (2004)

အမျိုးသမီးများ အရေးပါမှု အလေးထား၊ ကမ္ဘာမြေ ဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား Equality (2005)

ကမ္ဘာ့လူ့ဘောင်သာယာရေး ငယ်ရွယ်သူများ ပျိုးထောင်ပေး Young people (2006)

ကမ္ဘာ့လူဦးရေနေ့သည် လူသားတိုင်း၊ နိုင်ငံတိုင်းအတွက် အနှစ်သာရပြည့်ဝသည့် နေ့တစ်နေ့ဖြစ်ပါသည်။ လူငယ်များသာမက အရွယ်မရွေးနှင့်လည်း သက်ဆိုင်သည့် လူ့ဘောင်တည်တံ့ခိုင်မြဲရေး၊ အနာဂတ်ကမ္ဘာ သာယာရေးအတွက်လည်း အထောက်အကူပြုပါသည်။ အားသစ်တလူလူဝေသည့် မင်္ဂလာရှိသော နေ့တစ်နေ့လည်းဖြစ်၏။

သို့ပါ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်း၍ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကာ **"ကမ္ဘာ့လူ့ဘောင်သာယာရေး၊ ငယ်ရွယ်သူများ ပျိုးထောင်ပေး"** ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာတွင် ငွေပဒေသာပင် စိုက်ထူရန်အတွက် ဇွန်၁၈ရက်က ဒေါက်တာဦးစောဂျီအေးဝေနှင့်ဇနီး၊ စောဘာဗလု၊နော်သင်းသင်းဝေ၊ နော်အယ်မွီး မိသားစုက ငွေကျပ်တစ်သိန်းကိုဥက္ကဋ္ဌ ဦးကိုကိုကြီး နှင့် အမှုဆောင် ဦးတင်ထွေးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၃၀)

မြန်မာ အမျိုးသမီးများ နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စပ်နွန်းခွန်ဆမ်က ကြီးမှူး၍ သွေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပရာ ပဲခူးသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန် ဒေါက်တာ သင်းသင်းရီဝင်းနှင့်ဝန်ထမ်းများ ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်မှုကာကွယ်ရေး အသိပညာပေးဟောပြော

မြိတ် ဇွန် ၃၀

ကျန်းမာရေးဝန်ကြီးဌာန တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနကကြီးမှူးကျင်းပသော ကိုယ်ဝန်ဆောင် မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီ(အေအိုင်ဒီအက်စ်) ရောဂါကူးစက်မှု ကာကွယ်ခြင်းလုပ်ငန်း အသိပညာပေးပွဲ အခမ်းအနားကို ဇွန်၁၉ရက် နံနက်၉နာရီက မြိတ်မြို့ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီ(အေအိုင်ဒီ အက်စ်)ရောဂါကူးစက်မှု ကာကွယ်ခြင်းလုပ်ငန်းများအကြောင်းကို မြိတ်မြို့ ခုတင်၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်မြင့်က အကျယ်တဝင့် ရှင်းလင်းတင်ပြကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲ ဆိပ်ဖူးတောင်ပရဟိတဂေဟာ၌ကျင်းပ

ကျိုက်ထို ဇူလိုင် ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတဂေဟာ၌ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ တေရသမအကြိမ်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင်၃ရက် မွန်းလွဲ၁နာရီက အဆိုပါကျောင်းတိုက် ခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ(ဓမ္မသုခကျောင်း မော်လမြိုင်)နှင့် အတွင်းရေးမှူးဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိက(ဆိပ်ဖူးတောင် ကျိုက်ထိုမြို့)၊ ကျောင်းထိုင်ဆရာတော်များ၊ ပြည်နယ်သာသနာရေးဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(က-ပ)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ဇွန် ၂၅ ရက် က ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာ မြေသား ရေလှောင်ကန် တူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦး သန်း ဝေ နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၂)ရက်
၁၁-၇-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

- ၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေသတ္တဝါများ)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ရဲစွမ်းသတ္တိနှင့် ဆင်ခင်းသဘင် (ညွှန့်ဟံ-ကြူတော)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (အလုပ်နှင့်တန်ဖိုးပေါင်းသော် တန်ခိုးဖြစ်စေ၏) (စန္ဒာခင်-ရှေးဟောင်းသုတေသန)
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အနှစ်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သမိုင်းကပြောပြနေသည့် မြန်မာ့ရိုးရာ ဆင်ယင်ထုံးဖွဲ့မှု) (ခင်ဇေ-စက်မှု)
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ Tenses)

ညနေပိုင်း

- ၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) တေးစစ်သည် (၂) ခွန်းချိုသံသာ (၃) ဂုဏ်ဟူသည်
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျမ်းမာရေးနှင့်ညီညွတ်စေသည့် လမ်းလျှောက်နည်း) ဒေါက်ထွေး(ဆေး/မန်း)
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရွှေမိုးလေးတွေညိုတော့)
- ၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (အာဟာရချို့တဲ့မှုများ ကာကွယ်ရေးနှင့် အာဟာရမျှတအောင် စားသုံးရေး)
- ၂၀း၃၀ ကလေးများအတွက် တေးသီချင်း (လက်ဆေးရတာပျော်စရာပါ)
- ၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ကိုယ့်မေတ္တာပန်း (၂) မောင်လို့ ဘယ်ခါခေါ်ရမယ် (၃) လွမ်းအိပ်မက်က သံသရာရှည်

သန့်ရှင်းရေး

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးကြည်စိုး ဦးဆောင်သော သန့်ရှင်းရေးဝန်ထမ်းများ ဇွန် ၂၂ရက်က မော်လမြိုင်မြို့ ဈေးကြီးရပ်တုအဝိုင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လျှာထားချက်ပြည့်မီကျော်လွန်ရေးဆွေးနွေး သီးနှံစိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်

အင်းတော် ဇွန် ၃၀

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆-၂၀၀၇ခုနှစ် သီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၅ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးက စီမံကိန်း လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရေးကို ဆွေးနွေး ပြောကြားပြီး မြို့နယ်စိုက်ပျိုးမှုတိုးတက်ရေး လုပ်ငန်းညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်စိုးက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်း ဆွေးနွေးသည်။

တာဝန်ပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးက စခန်းနယ်မြေ လေးခုမှ ကိုယ်စားလှယ်များအား တစ်ဦးချင်းစီ စီမံကိန်းတာဝန် ပေးအပ်သည်။

စိုက်ပျိုးမည်

အင်းတော်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးဧက ၄၄၁၇၀၊ နွေစပါးဧက၁၄၀၀၊ ပဲမျိုးစုံဧက ၅၄၃၀၊ ဆီထွက်သီးနှံဧက ၂၈၁၅၀၊ ကြံဧက ၅၆၀၀၊ စားဖိုဆောင်သီးနှံဧက ၄၂၀၊ ရော်ဘာဧက၁၀၀၀၊ခြံစည်းရိုးကြက်ဆူပင် ဧက၈၅၀ အပါအဝင် စုစုပေါင်းဧက ၉၉၁၇၀ စိုက်ပျိုးမည်ဖြစ်သည်။

(၁၃၃)

ဝမ်းတွင်းမြို့နယ် ကုန်းကန်ကျေးရွာမူလတန်းကျောင်းဆောင်သစ်ဖွင့်

မိတ္ထီလာ ဇူလိုင် ၅

ဆရာတော် ဦးကောသလ္လက မွေးရပ်မြေဖြစ်သော မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းကန်ကျေးရွာတွင် ဆောက်လုပ်လှူဒါန်းသော အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၆ရက် နံနက်၁၀နာရီက ကုန်းကန်ကျေးရွာ ပညာတံခွန်မူလတန်းကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်ဆရာတော် ဦးကောသလ္လ၊ မန္တလေးတိုင်း အမှတ် (၂) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်နှင့် ဝမ်းတွင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မင်္ဂလာမဏ္ဍပ်တွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းမြေနေရာသစ် လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အလှူရှင် ဆရာတော်ဦးကောသလ္လက ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ဝမ်းတွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်း အမှတ်(၂)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်က ပညာရေးမူဝါဒများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပရာ ဆရာတော် ဦးကောသလ္လက ကျောင်းအဆောက်အအုံစာရွက်စာတမ်းများနှင့် ကျောင်းမြေဂရန်ကို ဝမ်းတွင်းမြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုထံလွှဲပြောင်းပေးအပ်ပြီး ဆရာတော်က လှူဒါန်းသော ကွန်ပျူတာတစ်စုံကို ဆရာတော် ကိုယ်စားညီ ဦးခင်မောင်ဆန်းက ကုန်းကန်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝမ်းထံ ပေးအပ်လှူဒါန်းသည်။ (၄၁၄)

ပေးအပ်လှူဒါန်း

မုဒုံမြို့ မေတ္တာကာရီနာရေးကူညီမှုအသင်းအတွက် ဇွန်၂၆ရက်က မိခင် ဒေါ်ညိမ်းရင်အားရည်စူး၍ မုဒုံမြို့ ကွမ်တုံရပ် ရာဇမိရာဇ်လမ်းနေ ဦးဖေသန်းမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမောင်နီက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ရန်ကုန်မြို့ရှိ ဘုရား၊ ကျောင်း၊ ကန်များ၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားများပြား

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၉

သန္ဓေ၊ တောထွက်၊ ဓမ္မစက် ဟူသောဆိုရိုးရှိသည့်အတိုင်း ဝါဆိုလပြည့်နေ့သည် ဘုရားလောင်း မယ်တော်မာယာဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူသောနေ့၊ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဖြစ်သော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသောနေ့တို့နှင့် ကြုံကြိုက်လျက်ရှိသည့်အတွက် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ နေ့ထူးနေ့မြတ်တစ်ရက်ပင်ဖြစ်သည်။

အလေးအနက်ထား

ဤနေ့ ဤရက်ရောက်တိုင်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ နာကြားခြင်း၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုတရားများကို ပွားများကျင့်ကြံအားထုတ်ခြင်းများကို အစုအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် မိမိတို့နှင့် နီးစပ်ရာ ဘုရား၊ ကျောင်း၊ ဇရပ်တို့တွင် အလေးအနက်ထားဆောင်ရွက်ကြသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ဝါဆိုလပြည့်နေ့တွင် မိုးတဖွဲဖွဲရွာသွန်းနေသည့်ကြားမှ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်နှင့် ကမ္ဘာအေးစသည့် ဘုရားများ၌ ဘုရားဖူးလာသူ၊ အလှူဒါနပြုသူ၊ ***စာမျက်နှာ ၄ ကော်လံ ၁*** ■

ဘုရားဖူးပြည်သူများစည်ကား

၁၃၆၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာ အခါတော် နေ့) တွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် ဤသို့ စည်ကားနေသည်ကိုတွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်လာရေး စာအုပ်စာပေများကို ပြည်သူများအလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေး ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် ဇူလိုင် ၉

စစ်ကိုင်းတိုင်း တိုင်းလုံးကျွတ် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယို၊ ကက်ဆက်များ၊ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

စာအုပ်နှင့်မဂ္ဂဇင်းများပေးအပ်လှူဒါန်း

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်နှင့် မဂ္ဂဇင်းများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကိုတို့အား အမှူးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဥယျာဉ်စုကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသော သံဃာတော်ငါးပါး ကြွရောက်တော်မူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

နေ့ဆွမ်းဆက်ကပ်

ရှေးဦးစွာ ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)